ပဉ္စင်းကန်

ကလေးရုပ်စုံစာစောင်

---------- ရဲ့စာအုပ်ပါ။

---------- ဝယ်ပေးထားတာ။



ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (၂ခ) ပထမထပ်၊ သရဖီကွန်ဒို
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

ပြည်ကြီး

ကလေးရုပ်စုံစာစောင်





JAS ဖုန်းစာအုပ်စင်ကဏ္ဍတွင် Download
လုပ်၍ဝယ်ယူဖတ်ရှုနိုင်ပါသည်။

http:/Quality.myanmaronlinesales.com
တွင် တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု
ဝယ်ယူနိုင်ပါသည်။

လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

အထက်မြန်မာပြည်ဖြန့်ချီရေး

နဂါးစာပေ — ထွန်းဦးစာပေ

ဖုန်း - ၀၂-၃၉၈၉ — ဖုန်း - ၀၂-၃၉၈၀

ရှမ်းပြည်နယ်ဖြန့်ချီရေး

မီလျံနာစာပေ၊ ဂင်္ဂါနဒီစာပေ

တောင်ကြီးတွင် လပေးယူလိုသူများအတွက်

STUDENTS' CHOICE

မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊
ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။

ဖုန်း - ၀၈၁- ၂၀၁၄၇၃



ဗော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်

ကျော်ကျော်စာပေ (အမှတ် ၁၁၊ သဒ္ဓတ်တားလမ်း၊ ဗော်လမြိုင်မြို့။)

အယ်ဒီတာချုပ်

ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ

မျိုးဇော်ထက် (ဖုန်း-၀၉၃၁၆၄၉၀၃)

အုပ်ချုပ်ရှုအယ်ဒီတာ

ခင်မာရွှေ

အမှုဆောင်အယ်ဒီတာ

လင်းသက်ခိုင်

အယ်ဒီတာအဖွဲ့

ဉာဏ်လင်းထက်

ရုံးအဖွဲ့

ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ ဝေလင်း။

Cover **ဒီဇိုင်နာ**

မောင်မောင်အောင်

Computer

မင်းထွဋ်၊ နေဇင်လတ်၊ ဝင်းဝင်းမာ၊ အိဖြူ၊ မိမိဇင်၊

Film - Eagle

layout - Quality

ပုံနှိပ်သူ – ဦးကျော်ယဉ်(ဇမ္ဗူမော်)

အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ် – တင်မေထွန်း

ကြော်ငြာတာဝန်ခံ

ခင်မာရွှေ

ဖြူဖြူသင်း။

ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉-၅၁- ၂၂၅၃၀။

ထုတ်ဝေသူ – ဒေါ်ခင်မာရွှေ

အုပြည်ခုံထွန်းစာပေ၊ (၀၄၆၂၄၄)

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၂၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချီရေးရုံးခန်း

အမှတ် -၅၀၈/၅၁၂၂၊(၂၁)ပထမထပ်၊ သရဖီကွန်ဒို။


(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)

ပုံပြင်ကမ္ဘာ

ကလေးရှုပ်စုံစာစောင်

အမှတ် (၅၆) ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၅ ခုနှစ်။



ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ	အရှုပ်ဖော်မောင်ရဲသူ ရန်ကုန်တက္ကသိုလ်	၅
အောင်ဆန်းဇာနည်	ပန်းချီမျိုးညွှန့်ထွန်း	၁၉
ပြည်သူချစ်တဲ့တို့ခေါင်းဆောင်	လင်းသက်ခိုင်	၂၉
အောင်ဆန်းစသောမျိုးချစ်သူရဲကောင်းများသို့	တင်မိုး	၃၂
မေတ္တာရှာမှ သူဌေးကြီးဦးစိတ်ကောင်းပုံပြင်	သီဟဇော် (မြစ်ဝကျွန်းပေါ်)	၃၄
ပူးစာရှင်	ပန်းတနော်ကျော်မိုး	၃၈
ဗိုလ်ချုပ်ရဲ့စာနာစိတ်၊ညှာတာစိတ်	ပန်းချီဝဏ္ဏအောင်	၄၁
ရောက်တိရောက်ရာစေတနာ	အောင်စိုးမျင့်	၄၉
ပြည်ထောင်စုအားမာန်ပြည့်လျှံစေသား	ဖိုဖို (ဆေးဝါးတက္ကသိုလ်)	၅၇
မတူရင်မတုန့်	ရန်ကြီးအောင် (လှိုင်သာယာ)	၆၃
အိပ်မက်ထဲကလိုလူ	ထက်အောင်ဦး	၆၆
ပညာရှိသောယောကျ်ား	ကာတွန်းလူလူ	၇၂
ကမ္ဘာကျော်တဲ့စိန်တစ်ပွင့်	ဆဲလ်ကျော်နိုင်	၈၃
မြွေမင်းသား	သရုပ်ဖော်ကံကောင်း	၈၆
လူပုလေးတွေရဲ့အငြိုး	ကာတွန်းသန်းအောင်	၉၈



အယ်ဒီတာစကား

ဤလထုတ်စုံပြင်ကဏ္ဍ အမှတ် ၅၆ သည် စိုလ်ချုပ်အောင်ဆန်းနှစ်တစ်ရာပြည့် ၂၀၁၅ ခု ဖေဖော်ဝါရီလ ထုတ် ဖြစ်သဖြင့် ပြည်သူများ ချစ်သော စိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုထုတ်ဝေပါသည်။

ဤလောကတွင် လူသေသော်လည်း နာမည်မသေသူအနည်းငယ်ရှိသည်။ ဤလူများထဲတွင် စိုလ်ချုပ်အောင်ဆန်းတစ်ဦး အပါအဝင် ဖြစ်သည်။ သူသေဆုံးခဲ့သည်မှာ နှစ်ပေါင်း ၇၀ နီးလာသည့်တိုင် သူကွယ်လွန်သည်က မနေ့တစ် နေ့ကလို ခံစားရသည်။ လက်ရှိတိုင်းပြည်အခြေအနေနှင့် နေ့စဉ် ရင်ဆိုင်ရသည့် အချိန်တိုင်းတွင် သူသာရှိရင် ဆိုပြီး တမ်းတရသည်။

သူသည် လူမှုန်တစ်ဦး။ ကိုယ်ကျိုးမကူသူတစ်ဦး။ တိုင်းပြည် လွတ်လပ်ရေးရဖို့ နိုင်ငံရေးလုပ်သူ။ လွတ်လပ်ရေးတိုက်ပွဲဝင်ဖို့ တပ်မတော်တည် ထောင်သူ။ တိုင်းပြည်လွတ်လပ်ဖို့ တိုက်ပွဲဝင်တိုက်ခိုက်သူ။ နိုင်ငံတကာဒေါင်းဆောင်များနှင့် သူ ပခုံးချင်းယှဉ်နိုင်သည်။ အာရှဒေါင်းဆောင်များ သူ့တိုလေးစားကြသည်။ သူတော်လှန် တိုက်ခိုက်ခဲ့သည့် နေ့ဗဝင်အင်ပါယာကြီးမှ စစ်ဗိုလ်ချုပ်ကြီးများပင် သူ့တိုလေးစားကြသည်။ ချစ်ခင်ကြသည်။ တိုင်းပြည်အကျိုးလိုလားသူတိုင်း သူ့တိုချစ်ကြသည်။ ဖြန့်ဖြည်တွင် စိုလ်ချုပ်ဟု ငြောလျှင်အားလုံးသိသော ပုဂ္ဂိုလ်မှာ စိုလ်ချုပ်အောင်ဆန်း ဖြစ်ပါသည်။

စိုလ်ချုပ်အောင်ဆန်း ကောင်းသမျှ ရှာကြံရေးရလျှင် ဤတစ်သက် ရေးလို့ဆုံးမည်မထင်ပါ။ ထို့ကြောင့် စိုလ်ချုပ်အောင်ဆန်းနှစ်တစ်ရာပြည့်မည့် ဤနှစ်တွင် စိုလ်ချုပ်အောင်ဆန်း အကြောင်း စာအုပ်ပေါင်းများစွာ ထွက်ရှိပါလိမ့်မည်။ ထိုစာအုပ်များထဲတွင် စုံပြင်ကဏ္ဍ အမှတ် ၅၆ ပါဝင်ခွင့်ရသဖြင့် ဂုဏ်ယူပါသည်။ ဤစာအုပ်အတွက် ပိုင်းဝန်းပါဝင်ကြသူအားလုံးကို အထူးကျေးဇူးတင်ပါသည်။



အယ်ဒီတာ


ဗိုလ်ချုပ် အောင်ဆန်း ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ


အာရုပ်ဖော်


မြောက်ပျဉ်းသူ ရန်ကုန် တက္ကသိုလ်


SELF PORTRAIT
By Bogyoke Aung San




ဂုန်ကွန်တက္ကသိုလ်မှ ဘီဒေဘဘွဲ့ကို
အက်လိပ်စာပေ၊ ဒေတ်သစ် သမိုင်း
နိုင်ငံရေး သိပ္ပံဘာသာတွဲဖြင့်
ရရှိခဲ့သည်။ ပုဗဒေတန်းကိုလည်း
တစ်ခုကတာမှ တက်ရောက်ခဲ့ဖူးသည်။
ကျွန်တော်သည် ပညာသင်ဆုများ
ရရှိခဲ့ဖူးပြီး ပညာတူးဆွနေသူ
တစ်ဦးဖြစ်ရန်လမ်းပွင့်
နေလေသည်။ သို့သော် နိုင်ငံရေး
လှုပ်ရှားမှုများတွင်ပါဝင်လာခဲ့သဖြင့်
ပညာရေး နယ်ပယ်နှင့် ဝေးကွာခဲ့
ရတော့သည်။
ကျောင်းသားများ အခွင့်အရေး
အတွက် ပါဝင်လှုပ်ရှားမှုကြောင့်
ကျွန်တော့်အား တက္ကသိုလ်အာဏာပိုင်
များက နှစ်ကြိမ်တိုင်တိုင်
ကျောင်းထုတ်ရန်ခြိမ်းခြောက်ခဲ့ဖူးသည်။


စင်စစ် ကျွန်တော်ကို ကျောင်းမှ
သုံးနှစ်ကြာ ထုတ်ပစ်လိုက်ခြင်းသည်
၁၉၃၆ ခုနှစ် ကျောင်းသား သပိတ်ကို
အစပျိုးပေးလိုက်ခြင်းဖြစ်သည်။
ထို့ တက္ကသိုလ်သပိတ်တွင် ကျွန်တော်က
ခေါင်းဆောင်ပိုင်းဌ ပါဝင်ခဲ့ပြီး
သပိတ်မှာလည်း တစ်နှစ်ခွဲကျော်သို့
ပျံ့နှံ့သွားလေသည်။ ထို့ကြောင့်
ကျွန်တော်လည်း ပညာသင်ရေး ၌
တစ်နှစ်တာဆုံးရှုံးနေဟုကျသွားသည်။
ရုန်ကွန်တက္ကသိုလ်တွင် ကျွန်တော်သည်
ကျောင်းသားခေါင်းဆောင်တစ်ပေါက်
အနေဖြင့် ကျောင်းသားများသမဂ္ဂ၏
အာဂေါ်ဖြစ်သော အိုးဝေမဂ္ဂဇင်း
အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။
ကျောင်းသားများသမဂ္ဂ ဒုတိယ
ဥက္ကဋ္ဌ တာဝန်ယူခဲ့ပြီးနောက်
ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်
ခဲ့ရသည်။ ထို့အပြင် ဗမာနိုင်ငံလုံး
ဆိုင်ရာကျောင်းသားများသမဂ္ဂကို
စတင်ထောင်ခဲ့သူများတွင်လည်း
တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။



တက္ကသိုလ်ပဒေသာ ပြင်ဆင်ရေး ကော်မတီကို ၁၉၃၈ ခုနှစ်အစောပိုင်းတွင် ဖွဲ့စည်းသည့် အခါ ကျောင်းသားကိုယ်စားလှယ် အဖွဲ့ဝင် အဖြစ် ခန့်အပ်ခြင်း ခံရသည်။ အတန်ငယ် တိုးတက်သည့် တက္ကသိုလ်ပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။
ထိုဥပဒေကြောင့် ကျောင်းသားထုကြားတွင် မကြာခဏဆိုသလို မကျေနပ်မှုဖြစ်ပေါ် ခဲ့ပြီး တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ကာ ၁၉၃၀ နှင့် ၁၉၃၆ ခုနှစ် ကျောင်းသား သပိတ်များ ပေါ်ပေါက်ခဲ့သည်။
ကျွန်တော်သည် ပြည်တွင်း အက်လိပ်နှင့် မြန်မာ စာနယ်ဇင်းများတွင်လည်း ဆောင်းပါးများရေးသားခဲ့ပြီး နယ်ချဲ့ဘာဝများ သတင်းစာတွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ်လည်း ခေတ္တမျှဆောင်ရွက်ခဲ့သေးသည်။ နယ်ချဲ့ဘာဝများ သတင်းစာမှာ ထိုအချိန်က မြန်မာ့အမျိုးသားများ စီမံခန့်ခွဲ အုပ်ချုပ်ရှိ အက်လိပ်ဘာသာဖြင့် တည်းဖြတ်ထုတ်ဝေသော တစ်ဆောင်တည်းသော အက်လိပ်ဘာသာ သတင်းစာဖြစ်သည်။



ကိုယ်ဖင်
၁၉၃၃ ခုနှစ်၊ ဒေသက်တိုဘာလတွင် တက်ရောက်ပညာသင်ကြားနေသော ပုဒေတန်းကို ကျောခိုင်းလိုက်ပြီး ဗမာ့လွတ်လပ်ရေးတိုက်ပွဲဝင်ရန် နိုင်ငံရေးလောကတွင်အချိန်ပြည့်လှုပ်ရှားခဲ့လေသည်။ ဦးဗမာ အစည်းအရုံး ဝင်ရောက်ခဲ့ပြီး သခင်တစ်ယောက် ဖြစ်လာခဲ့သည်။
ထိုအချိန်ကဆိုလျှင် ဦးဗမာအစည်းအရုံးသည် အတက်ကြွဆုံး၊ အင်အားအကြီးမားဆုံး နိုင်ငံရေးပါတီတစ်ခုဖြစ်သည်။ ကျွန်တော်သည် ဦးဗမာအစည်းအရုံးဝင် သခင်တစ်ယောက် ဖြစ်လာပြီး မကြာမီမှာပင် အထွေထွေအတွင်းရေးမှူး အဖြစ်ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။"
၁၉၃၉ ခုနှစ် စောစောပိုင်းတွင် ကျွန်တော့်အား ဗမာ့ဆီး အရေးယူခဲ့သည်။ အစိုးရအားလက်နက်ကိုင်၍ တော်လှန်ရန် ကြံစည်သည်မှုဖြင့် ဗမာ့ဆီးခြင်း ဖြစ်သည်။ အစိုးရ၏ ကြေညာချက်တစ်ခုတွင် ဦးဗမာ အစည်းအရုံးကို လှုံ့ဆော်အဖျက် အမှောင်လှုပ်ရှားမှုများဖြစ်အောင် ဆောင်ရွက်နေသူများတွင် ပါဝင်ယောသူတစ်ဦးဖြစ်သည်ဟု ဖော်ပြထား၏။"


မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံးတွင် အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗမာ့ထွက်ရပ် ဂိုဏ်းကို ဖွဲ့စည်းခဲ့ရာတွင် ပါဝင်ပြီး ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်တာဘာမော်က ဆောင်ရွက်ပြီး အဝေးထွေအတွင်းရေးမှူး အဖြစ် တာဝန်ယူရလေသည်။
၁၉၄၀ ပြည့်နှစ် မတ်လတွင် အိန္ဒိယနိုင်ငံ ရန်ဂါး မြို့တွင် ကျင်းပသော အိန္ဒိယအမျိုးသား ကွန်ဂရက်သမဂ္ဂသို့ နိုဗမာအစည်းအရုံးဝင် သခင်မျက်နှင့်အတူတက်ရောက်ခဲ့သည်။
ထိုနေ့က ဗုဒ္ဓဂယာ၊ ဗာရာဏသီ၊ အလာဟာဘာတ် ဒဂ္ဂရာ၊ ဒေလီ၊ ပါရာဂါ၊ ခိုင်ဘာတောင်ကြား လမ်း လာဟို၊ အမ်ရစ်စတာ၊ အမာဒါဘတ်၊ ဘုံဘေ (မွန်ဘိုင်း) နှင့် ကာလကတ္တား (ခိုးလ်ကာတာ) မြို့များသို့ သွားရောက်ခဲ့သည်။
ထိုမှအပြန်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ရန်ကုန် တက္ကသိုလ် ကျောင်းသားသမဂ္ဂကိုယ်စားလှယ် အဖြစ် ခေတ္တဆောင်ရွက်ခဲ့သည်။ ထိုနေ့ကာ ကွန်ဂရက်အား ဖမ်းဆီးရန် ဝရမ်းထုတ်ကာ ၁၉၄၀ ပြည့်နှစ်ဩဂုတ်လတွင် မြေနေအာကိုသို့ပုန်းလျှိုး ခဲရသည်။



ထို ဝရမ်းထုတ်မှုကြောင့် တစ်နှိုင်ငံလုံးရှိ
ဂျပန်းသား များက ဆူပုကန့်ကွက်ခဲ့သဖြင့်
နောက်ပိုင်းတွင် ရုပ်သိမ်းပေးခဲ့ရသည်။
တကယ်တိုက်ပွဲဝင်ရန် အချိန်ကျလာသည့်
အခါ ကျွန်တော်သည် တိုင်းပြည်အတွင်းမှ
ထွက်ခွာသွားခဲ့သည်။ ဗမာ့လွတ်လပ်ရေးတိုက်ပွဲ
အတွက် တရုတ်ပြည် (အမျိုးမြို့) သို့
ရောက်သွားခဲ့သည်။ ဗမာ့လွတ်လပ်ရေးတိုက်ပွဲ
အတွက်အာဆက်အသွယ်အကူအညီရှာရန်ဖြစ်သည်။
အမျိုးမြို့တွင် နိုင်ငံတကာအသိုင်းအဝိုင်းများက
အရေးပေါ် နေတိုင်းလှုပ်ရှားနေကြရာကျွန်တော်
တို့လည်း နှစ်လသုံးကြာမျှနေတိုင်းသွားလာ
နေခဲ့သည်။ ထိုကာလအတွင်းဂျပန်နိုင်ငံမှ
အဆက်အသွယ်များရောက်ရှိလာပြီး
ကျွန်တော်တို့အား တိုက်ပွဲသို့ ပို့ပေးရန်
စီစဉ်တောင်းခံ။ ဂျပန်တို့နှင့် ကျွန်တော်တို့
ဆက်သွယ်မိခြင်းမှာ ရုံးကွန်မြို့ရှိ ကျွန်တော်
တို့၏ရဲဘော်ရဲဖက်များကြောင့်ဖြစ်ပါသည်။
ထိုကြောင့် ကျွန်တော်တို့လည်း ဂျပန်တို့
ခေါ်ဆောင်ရာသို့လိုက်ပါသွားရတော့သည်။
တိုက်ပွဲမြို့တွင်သုံးလကြာနေထိုင်ခဲ့ပြီးနောက်
၁၉၄၁ ခုနှစ် စောစောပိုင်းတွင်မြန်မာနိုင်ငံသို့
ပြန်လာခဲ့သည်။ ကျပ်သို့ ပြန်လာခဲ့ခြင်းမှာ
မြန်မာနိုင်ငံရှိ ကျွန်တော်၏ရဲဘော်ရဲဖက်
များထဲ ဂျပန်တို့၏ အစီအစဉ်ကို ချပြ
ဆွေးနွေးရန်ဖြစ်သည်။ ကျွန်တော်သည်မကြာခင်
မှာပင် ဂျပန်နိုင်ငံသို့ပြန်လာခဲ့ပါတော့သည်။


မြန်မာနိုင်ငံ အတွင်းတွင် လက်နက်ကိုင်
တော်လှန်ရေး ဆင်နွှဲနိုင်ရန် အတွက်
ဂျပန်တို့ကပေးမည့် စစ်ပညာသင်တန်း
တက်ရန် ပထမအုပ်စုရဲ့ တော်မျိုးများကို
ကျွန်တော်နှင့် အတူခေါ်ဆောင်လာခဲ့ပါတော့သည်
၁၉၄၁ ခုနှစ်တွင် ကျွန်တော်သည်
ဘန်ကောက်သို့ ရောက်လာခဲ့ပြီး
ဂျပန်တို့၏ အကူအညီဖြင့် ဗမာ
လွတ်လပ်ရေးတပ်မတော် ကို
ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ဂျပန်
တို့သည် မြန်မာနိုင်ငံ သို့ချဉ်းနှင်း
ဝင်ရောက်လာသည့်အချိန်ကျွန်တော်
တို့လည်း အတူရှိတက်ပို့ကိုခဲ့သည်
ဂျပန်နိုင်ငံ တွင် ရှိစဉ်ကပင်
ကျွန်တော်တို့နှင့် ဂျပန်တို့သဘောထား
အကြီးအကျယ် ကွဲခဲ့ကြပြီး ရှိတက်ရာ
လမ်းတွင် ပဋိပက္ခ ဖြစ်မှုများ ပို၍
တိုးပွားလာခဲ့လေသည်။



ရန်ကုန်မြို့တွင်းသို့ ရောက်ရှိလာပြီး မကြာမီပင် ပြန်လည်တော်လှန်ရေးကို ဆောင်ရွက်ရန်ကျွန်တော်ကာ ကြိုးစားစည်းရုံးခဲ့သည်။ ကြိုးပမ်းမှုမအောင်မြင်ပေ။
တော်လှန်ရေး အသိစိတ်ဓါတ်များ ပျံ့နှံ့လာခဲ့ရာတွင် ဘိုဒိုင်ဒေအာ တပ်မတော်ကို ဆန့်ကျင်သည့်အုပ်စု များက ကိုယ်ကျိုးရှာ အမြတ်ထုတ် လာခဲ့ကြသည်။ ဗျပန်တပ်မှူးဖွဲ့ပေး ထားသည့် နောက်တန်း ဘိုဒိုင်ဒေအာ အုပ်ချုပ်ရေးကော်မတီများမှ တာဝန် ခဲ့သော အသိစိတ်ဓါတ်မရှိသောအုပ်စု များလည်းကျိုးဆတ်တွင် ပါသည်။
တိုကြောင့် ရရှိလာသော ရလဒ်မှာ ဘိုဒိုင်ဒေအတပ်အင်အားကိုလျော့ချ ပစ်ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် ဟူ၍ ပြန်လည်ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။ ကျွန်တော့် အားလည်း ဗိုလ်မှူးကြီးရာထူးဖြင့် ဗမာ့ ကာကွယ်ရေးတပ်မတော်၏ စစ်ဌာနချုပ်တိုအဖြစ် ခန့်အပ်သည်။


သူငယ် ခုနှစ် မတ်လအတွင်းတွင်
ဒေါက်တာဘဒေါ်နှင့် အခြား မြန်မာ
ခေါင်းဆောင်နှစ်ဦးတို့နှင့်အတူ
ကျွန်တော့်အား ဂျပန်အစိုးရက တိုက်ယို
လာရောက်ရန် ဖိတ်ခေါ်ခဲ့ပြီး ကျွန်တော့်ကို
မေဂျာဂျင်နရယ် (ဗိုလ်ချုပ်) ရာထူးဟို
တိုးမြှင့်ပေး ခဲ့သည်။
ဂျပန်ဘုရင်ကရာဇကာကုမ်ထူးဆောင်ဟို.
တက်နေဝန်းတဲ့ဆိပ် (တတိယဆင့်)ကို
ချီးမြှင့် ခဲ့သည်။ ဂျပန်နိုင်ငံမှပြန်ရောက်
ပြီးနောက် ကျွန်တော်တို့ကိုယ်စားလှယ်
အဖွဲ့အား ဧည့်ခံသည့်အခမ်းအနားတွင်
ဂျပန်တို့ပေး အပ်မည့်ဖြစ်သော
လွတ်လပ်ရေးမှာ အာမည်ခံမှု ဖြစ်လိမ့်
မည်ဟု အရိပ်အမြွက်ပြောကြား ခဲ့သည်။
လွတ်လပ်ရေး ပြင်ဆင်မှုကော်မတီကွင်း အဖွဲ့ဝင်
အဖြစ် ခန့်အပ်ခြင်း ခံရသည်။ နောင်တွင်
မြန်မာနိုင်ငံကို လွတ်လပ်သောနိုင်ငံ အဖြစ်
ကြေညာခဲ့သည့်အခါ ကျွန်တော်သည်လည်း
စစ်ဝန်ကြီး ဖြစ်လာခဲ့ပြီး ပထမအကြိမ်
လွတ်လပ်ရေးနှစ်လည်အခမ်းအနားတွင်
ဂုဏ်ထူးဘွဲ့ထူး အဖြစ် Order of the
Secred Treasure ပထမဆင့်ကို ချီးမြှင့်
ခံရသည်။ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခမ်း
အနားတွင် လွတ်လပ်ရေးမှာ အတူအယောင်သာ
ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်းပြောကြား ခဲ့သည်။


ထိုမိန့်ခွန်းကြောင့် ဂျပန်နှိုင်ငံ
အစိုးရ အသိုင်းအဝိုင်းတွင်
တုန်လှုပ်အံ့သြသွားကြသည်။
၁၉၄၅ ခုနှစ်တွင်တော်လှန်ရေး
အတွက် ကြိုးပမ်းလာခဲ့ရာ
၁၉၄၅ ခုနှစ် သြဂုတ်လတွင်ဖက်ဆစ်
တိုက်ဖျက်ရေး ပြည်သူ့ အဖွဲ့ချုပ်
(ဖ.တ.ပ)ကို အောင်မြင်စွာ
ဖွဲ့စည်းနိုင်ခဲ့သည်။
၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင်
ဖက်ဆစ်ဂျပန်တို့အား တွန်းလှန်
တိုက်ခိုက်ခဲ့တော့သည်။
၁၉၄၅ ခုနှစ် စက်တင်ဘာလတွင်
ကျွန်တော်နှင့်အတူ အဖွဲ့ဝင် ၁၀၀ဦး
လိုက်ပါ၍ မောင်ဘကိုတန်နှင့်
တပ်မတော်ကိစ္စဆွေးနွေးရန် သီဟိုဠ်
နိုင်ငံ ကန်ဒီမြို့သို့သွားရောက်ခဲ့သည်။
တော်လှန်ရေးကာလအတွင်းက
အမည်တွင်ထင်ရှားခဲ့သော ချစ်တပ်မတော်
အားလုံးကိုဖျက်သိမ်းပြီး အရှေ့တောင်အာရှဆိုင်ရာ
စစ်ဦးစီးချုပ်လက်အောက်တွင် တပ်မတော်ဖွဲ့ရန် ဖြစ်သည်


ကျွန်တော်အား ဗမာ့တပ်မတော်တွင်
ပို်လ်မှူးချုပ်အဆင့်ဖြင့် နှုတ်ဃစစ်ဌာနကြီး
ရာထူးတွင်ခန့်ထားပို်ကြောင်းပြောကြားသည်
သို့သော် ကျွန်တော်သည်လွတ်လပ်ရေးကို
ပြီးခဲ့ဒေအောင်ဆက်လက်ဆောင်ရွက်ရမည်
ဖြစ်သဖြင့်တပ်မတော်မှ နုတ်ထွက်ရန်
ဆုံးဖြတ်ပြီးကျွန်တော်ဒုနာရာတွင်လုပ်ဖော်
ကိုင်ဖက်တစ်ယောက်ကို ခန့်ထားဖို့
အဆိုပြုခဲ့သည်။
ဖဆပလ
ဖက်ဆစ်ဆန့်ကျင်
လွတ်လပ်ရေးအဖွဲ့ချုပ်
၁၉၄၅ ခုနှစ်၊ ဩဂုတ်လတွင်
ကျွန်တော်သည် ဖဆပလ အဖွဲ့ချုပ်
ဥက္ကဋ္ဌ အဖြစ်ရွေးချယ်ခံရသည်။
၁၉၄၆ ခုနှစ်၌ ဥက္ကဋ္ဌအဖြစ်ထပ်မံ
ရွေးချယ်ခံရပြီး ဖဆပလအဖွဲ့ချုပ်
ပထမဆုံး ညီလာခံကိုကျင်းပရာ
တစ်နိုင်ငံလုံးမှဖဆပလကိုယ်စားလှယ်
၁၃၀၀ ကျော်တက်ရောက်ခဲ့သည်။
ဖဆပလ
အဖွဲ့ချုပ်
ပြည်ဆင်မှု
ညီလာခံကြီး ဖွင့်ပွဲနေ့တွင်
ပြည်သူတစ်သိန်းနီးပါး
တက်ရောက်အားပေးခဲ့သည်


၁၉၄၇ ခုနှစ်တွင် ကျွန်တော်တို့အား ဘုရင်ခံက ဖိတ်ခေါ်၍ ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ခန့်ထားရန် ၁၁ ဦး၏ အမည်စာရင်းကိုတင်သွင်း ခိုင်းလေသည်။ သို့သော်ကျွန်ုပ် လောက်ဟော့အခြေအနေများမရှိ၍ ခန့်ထားရန် လျာထားသည့်စာရင်းကို ပြန်လည် ရုပ်သိမ်းခဲ့သည်။
ကျွန်တော်တို့တွင် လူထုထောက်ခံမှု အပြည့်အဝရှိနေပြီဖြစ်ကြောင်း ပြတိသျှအစိုးရသည်ပါလီမန်၌ ဆွေးနွေးရေးဝန်ခံရလေသည်။ ထို့နောက်ကျွန်တော်တို့အနေဖြင့် ဘုရင်ခံအမှုဆောင်အဖွဲ့သို့ ဝင်ရောက်ရန် အဖြေတမိမ် တံခါးဖွင့် ထားပါကြောင်းပြောကြားခဲ့သည်။
(ပဆပလ အဖွဲ့ချုပ်နှင့် ဆွေးနွေးရာတွင် မဆောင်ရွက်ခဲ့သဖြင့် မကြာခင်မှာပင် အာရုယ်ကျိန်းယ် ဒေါ်မြန်စမစ်သည် ရာထူးမှအနားယူသွားခဲ့သည်။ ၎င်း၏ နေရာတွင် မေဂျာချင်နာယ် အာဟူးဘတ် အိုးရန်စ်ကို ခန့်ထားခဲ့သည်။ ဗိုလ်ချုပ် ဆောင်ဆန်းနှင့်ဆွေးနွေးသဘောတူညီမှု ရခဲ့ပြီး ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဘုရင်ခံအမှုဆောင်အဖွဲ့၌ ဒုတိယသဘာပတိရာထူးလက်ခံခဲ့သည်)



ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်
ရေးသားခဲ့သော အတ္ထုပ္ပတ္တိမှာ
ကျွန်မမျှနှင့် အဆုံးသတ်သွားသည်။
ဗိုလ်ချုပ်အောင်ဆန်းသည်
လွတ်လပ်ရေးရပြီးနောက်ကြိုးပမ်းနေရသည့်
ဘဝ၄၇ ခုနှစ်၊ ဂျူလိုင်လ ဘဝရောက်နေတွင်
မယားမာယူတို့၏ လက်ချက်ဖြင့်
ကျဆုံးခဲ့ရပုံလေတော့သည်။
ပြည်တော်စုဖြန်မာနိုင်ငံ
တစ်ဆယ့်
6 BURMA MINIST
SHOT DEAD
ကပ်တွဂ် မိန့်ခွန်းတွင်အနိုင်းဆုံး
ရန်သူကိုရှာပြီးတိုက်ကြပဟု
ပြောခဲ့သော ဗိုလ်ချုပ်သည်
သူ့အပေါ်မနာလိုမနှစ်မြို့သော
အနီးကပ်လူယုတ်မာများကြောင့်
ကျဆုံးခဲ့ရခြင်းပင်..
ပြည်တော်ခန့် ဝန်ကြီးချုပ်နှင့်
အဆောင်ကြွေးနှင့်
အခေါင်ဖမြန်းရဲ့ဆီ
ဖောင်ပန်း ပို့ရှုတာ
အောင်ဘန်းတို့ ဒေပုံနှစ်ဖြာ.. ..
သူ့အား အကြိမ်ကြိမ် သတ်ဖြန်
ကြပေမယ့် လူသာသေမည်၊
နာမည်ကားမသေ၊ အာရာနှင်ပျိုး
သေရိုးမရှိ ဆိုသည့်စကားကို
သူကဖော်ကွန်းတိုးခဲ့လေပြီပဲ။
09301712244
09795375405


1915
February
13
အောင်ဆန်း
ကနုတ်
ပန်းချီ
မျိုးသန့်ဝင်း
မမကိုကိုရို့ ဆယ်သုံးမျာ...
ဗိုလ်ချုပ် မွေးနေ့ပါ။


1915
တစ်ထောင့်ကိုးရာ တစ်ဆယ့်ငါး
ခုနှစ် ဖြစ်ပါ သား ။



ဒေါတိ နိကၡမကံယဝေဏ္ဏဝဏ္ဏိ
ဘိက္ခြ ဗျာဒုတ္ထိ ။



ကြွ်းကြွ်း ချိုင်ကဲ့ ဖေဖေ့ကြည့်ကွက်
မိခင် ဒေါ်စု သား ။


1947
ဝန်ထောက်ကိုးကာ လေးဆယ်ခွန်
ပြောင်းကြွ ကမလွန် "


မျက်ရည်ဖြိုင် လို့ ဘဝဉ်ပျိုး
ဇူလိုင် တစ်ဆယ့်ကိုး ။
July
1947
ဇူလိုင်
19
စနေနေ့


ဖြည်ဖောက်စုတဲ့ ကျေးဇူးဂုဏ်
ပိုလိစ်ချုပ် ကိုယ်တော်


ကောင်းစေချင်တဲ့ ဖျာစကား
ငါတို့ ယခေ့ ဖဲကား ။


ဖြူဖြူထောင်လွတ်ရေး ကြိုးပမ်းခဲ့ကာင်၊
ဖြူဖြူချစ် ကို.ခေါင်းဆောင်။


ဆိုရှယ်လစ်ဘောင် လမ်းစဉ်မျှ
မှိုလ်ချုပ် ချမှတ်ခဲ့သား ။



ပြည်သူချစ်တဲ့ တို့ခေါင်းဆောင် လင်းသက်ခိုင်

ကလေးတို့ရေ . . .

ဟိုးရှေးရှေးတုန်းက ဦးဦးတို့မြန်မာနိုင်ငံမှာ သူရဲကောင်းအာဏာနည်တစ်ဦး ရှိသတဲ့ကွယ်။ သူ့အမည်က ဗိုလ်ချုပ်အောင်ဆန်းလို့ ခေါ်သတဲ့။ ဗိုလ်ချုပ်အောင်ဆန်းဟာ အင်္ဂလိပ်လက်အောက်ရောက်နေတဲ့ မြန်မာတစ်မျိုးသားလုံးကို ကျွန်သဘောက်ဘဝကနေ လွတ်မြောက်အောင် ကယ်တင်ပေးခဲ့တဲ့ ပြည်သူချစ်တဲ့ လူထုခေါင်းဆောင်ပေါ့ကွယ်။

ဗိုလ်ချုပ်အောင်ဆန်းဟော့လို့ ဆိုလိုက်ရင် ပြည်သူအားလုံးရဲ့ရင်ထဲ အသည်းထဲမှာ ကြည်ညိုလေးစားစိတ်တွေ ဖြစ်ပေါ်မြဲပေါ့ကွယ်။ ပြည်သူချစ်တဲ့ လူထုခေါင်းဆောင် ဗိုလ်အောင်ဆန်းဟာ မြန်မာ့တစ်မျိုးသားလုံး အတွက် လွတ်လပ်ရေးတိုက်ပွဲကို ဦးဆောင်တိုက်ပွဲဝင်နေရင်း နှင့် လွတ်လပ်ရေးမရမီ တစ်နှစ်အလို ၁၉၄၇ ခုနှစ် ဇူလိုက် ၁၉ ရက်နေ့မှာ ဂဠုန်ဦးစောနှင့်အဖွဲ့ရဲ့လုပ်ကြံမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသတဲ့ကွယ်။ သူအရယူပေးချင်တဲ့ သူမြင်ချင်တွေချင့်တဲ့ လွတ်လပ်ရေးကိုတော့ မတွေ့ရခဲ့ဘူးပေါ့။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ(၄) ရက်နေ့ဟာ မြန်မာ တစ်နိုင်ငံလုံးနှင့် တစ်မျိုးသားလုံးအတွက် အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့တဲ့သမိုင်းဝင် နေ့ထူးနေ့မြတ်ကြီးပေါ့။ ဒါကြောင့် အဲဒီနေ့ကို ဦးဦးတို့

မြန်မာနိုင်အတွက် လွတ်လပ်ရေးနေ့ဟု ခေါ်ဆိုကြတာပေါ့။

ဗိုလ်ချုပ်ဟာ ငယ်ငယ်ရွယ်ရွယ်နှင့် ကျဆုံးခဲ့ပေမယ့်၊ သူ့ခေါင်းထဲမှာ အချိန်တိုင်း တိုင်းပြည် လွတ်လပ်ရေးရအောင် တောင်းဖို့ပဲ စိတ်စောနေတယ်။ စားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်နှင့် လွတ်လပ်ရေးရဖို့ဆိုတဲ့ စိတ်ကလွဲရင် ဗိုလ်ချုပ်မှာ ဘာမျှ မရှိဘူးတဲ့ကွယ်။ ဗိုလ်ချုပ်ဟာ ရိုးသားတယ်၊ ဖြောင့်မက်တယ်၊ တည်ကြည်တယ်၊ ပွင့်ပွင့်လင်းလင်းနဲ့ ဟောဟောဒိုင်းဒိုင်း ပြောတတ်တယ်။ နိုင်ငံရေးကိုသူသိနားလည်တဲ့ အချိန်ကစပြီး သူ့ခေါင်းထဲမှာ လုံးဝလွတ်လပ်ရေးပဲရှိတော့တယ်။

ဗိုလ်အောင်ဆန်းဟာ စံပြုထိုက်တဲ့ခေါင်းဆောင်ကောင်းအရည် အချင်းနဲ့ပြည့်စုံတဲ့ သူမို့ သားတို့သမီးတို့ အတုယူလေးစားရမယ့်သူမျိုး ပေါ့ကွယ်။ ဗိုလ်ချုပ်ဟာ ငယ်စဉ်ကတည်းက မုသားမပြောတတ်ဘူး။ သူ့ရှေ့မှာ မုသားပြောရင်လည်း သူ့အမေပင်ဖြစ်ပါစေ မုသားပြောတဲ့ကိစ္စ ကိုဖော်ထုတ်တယ်။ သူ့အမေက ပိုက်ဆံချေးထားတဲ့သူဆီ ပိုက်ဆံပြန်တောင်းတဲ့အခါ သူဘာဝင်ပြောသလဲဆိုတော့ "အစ်မရယ် သူရှိမှ ပြန်ဆပ်နိုင်မှာပေါ့" လို့ဝင်ပြောသတဲ့။ ပြီးတော့ ဗိုလ်ချုပ်က မှန်တာကို မှန်တဲ့အတိုင်းပြောတတ်သူပါ။ ငယ်စဉ်က ဆရာတော်ဦးသောဘိတကျောင်းမှာ စာသင်သား ကလေးအားလုံးကို အိပ်ခိုင်းသတဲ့။ ပြီးတော့ အောင်ဆန်းရော မအိပ်ချင်ဘူးလားလို့ လှမ်းမေးသတဲ့၊ ဒီအခါမှာ ဗိုလ်ချုပ်အောင်ဆန်းလေးက "မအိပ်ချင်ပါဘူးဘုရားဆိုပြီး" တစ်ခွန်းတည်း ပြန်ဖြေသတဲ့ကွယ်။ သူမလုပ်ချင်ရင် မလုပ်ချင်တဲ့အကြောင်း ပွင့်ပွင့်လင်းလင်း ပြောတတ်တာမျိုးပေါ့ကွယ်။

ဒီလိုနဲ့အထက်တန်း ကျောင်းသား ဘဝကနေ ကျော်လွန်ပြီး တက္ကသိုလ်ရောက်တော့လည်း ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်မှာ နေရတယ်။ ကျောင်းအိပ် ကျောင်းစားနေရတာပေါ့။ အဲဒီလို အဆောင်မှာနေတော့လည်းဗိုလ်ချုပ်အောင်ဆန်းဟာသူနေချင်သလိုနေတာပဲတဲ့။ သူ့အိပ်ရာဘေးမှာ သူဖတ်တဲ့စာအုပ်တွေနဲ့ပတ်ပတ်လည်ဝိုင်းထားသတဲ့။ ညဖက်စာဖတ်တဲ့အခါ ထွန်းတဲ့ ဖယောင်းတိုင်က စီးကျတဲ့ဖယောင်းရည်တွေနဲ့ စာအုပ်တွေပေါ်မှာ ပေကျံနေတာပေါ့ ကွယ်။

ဗိုလ်ချုပ်ဟာ မျက်နှာကလည်း ရွှတည်တည်နဲ့ လူပုံခတ်ဆိုးဆိုး ပုံပေါက်နေတယ်။ သူများကိုနှုတ်ဆက်ရကောင်းမှန်းမသိသလို၊ သူကိုနှုတ်ဆက်ရင်လည်း ပြန်ခေါ်ချင်မှခေါ်တဲ့လူစားမျိုး၊ သူ့ခေါင်း ထဲမှာ တွေးချင်ရာတွေးနေမယ်။ တစ်စုံတစ်ခုကိုလည်း အကြာကြီး စဉ်းစားနေတာမျိုးလည်း ရှိ သတဲ့။ သူဟာပတ်ဝန်းကျင်ကိုမေ့ထားပြီး သူ့အခန်းမှာ စာဖတ်ချင်လည်း အကျယ်ကြီးအော်ဖတ်ချင်အော်ဖတ် တတ်သတဲ့ကွယ်။ သူ အပတ်တကုတ် လေ့လာတာကတော့ အင်္ဂလိပ်စာပဲ၊ အင်္ဂလိပ်လို ပြောတတ်အောင်၊ ရေးတတ်အောင် တကုပ်ကုပ် လေ့ကျင့်ခဲ့တယ်လေ၊ လွတ်လပ်ရေးကို အင်္ဂလိပ်လက်ထဲက တောင်းရမှာဆိုတော့ အင်္ဂလိပ်လိုပြောတတ်အောင် လုပ်ရမယ်လို့သူစဉ်းစားခဲ့တယ်လေ။ ဗိုလ်ချုပ်ဟာ အင်္ဂလိပ်လက်ထဲက လွတ်လပ်ရေးကို ပြန်ရ အောင်ယူဖို့ သူ့ခေါင်းထဲမှာ တစ်ချိန်လုံးဒါကိုပဲတွေးနေ စဉ်းစားနေတာတဲ့။ ဗိုလ်ချုပ်ဟာ အဲဒီလို လူမျိုးပေါ့ကလေးတို့ရယ်။

နောက်ပြီး ဗိုလ်ချုပ်ဟာ တိုင်းပြည်လွတ်လပ်ရေးရအောင် နိုးဆော်ခဲ့တဲ့သူမို့ ပြည်သူချစ်တဲ့ လူထုခေါင်းဆောင်နေရာမှာ နေရပေမယ့် ဘယ်တော့မှ သူများထက် အခွင့်အရေးတွေ ပိုယူတာမျိုး မရှိဘူးကွယ်။ တစ်ခါမှာတော့ သူဟာသူ့ရဲ့ဇနီးဒေါ်ခင်ကြည်ကို သူစားချင်တဲ့အရာတစ်ခုကို စာရေး

ပြီးမှာသတဲ့လေ။ "ကြည် ပဲပြုတ်နဲ့ နံပြားရရင် စားချင်တယ်" သာမန်လူတွေလိုပါပဲ၊ ရိုးရိုး တွေးပြီး၊ ရိုးရိုးလေးတောင်းဆိုခဲ့တာပါပဲ။ ဒါပေမဲ့ အဲဒီစကားရပ်လေးဟာ ကမ္ဘာကျော်တဲ့ စကား တစ်ရပ်ဖြစ်ခဲ့ရတယ်။

ဒုတိယကမ္ဘာစစ်မှာတော့ အင်္ဂလိပ်အစိုးရဟာ အခြေအနေမှန်ကို သုံးသပ်ပြီးနောက် ရန်ကုန်ရှိ ဗြိတိသျှဘုရင်ခံက အောင်ဆန်းကို အုပ်ချုပ်ရေးအာဏာ ပေးလိုက်တော့ဟု ညွှန်ကြားသတဲ့။ ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းဟာ အစိုးရအဖွဲ့အာဏာကို ဘုရင်ခံထံမှလွှဲပြောင်းရယူခဲ့တယ်တဲ့။ အဲဒီနေ့က ၁၉၄၆ ခု စက်တင်ဘာလ ၂၆ နေ့ပေါ့။ ဒီလိုနဲ့ ဗိုလ်ချုပ်ဟာ လွတ်လပ်ရေးမရ သေးခင်မှာ ဒုတိယသဘာပတိအနေနှင့် ဝန်ကြီးချုပ်အာဏာကို ရယူထားတာမို့ သူတပည့်ကိုခေါ်ပြီးပြောသတဲ့။ သားတို့မှတ်မိဖို့ ဦးဦးပြောပြပါ့မယ်။

ဟေ့ကောင် ဒီနေ့ကစပြီး ငါဟာ အစိုးရအဖွဲ့ခေါင်းဆောင် ဝန်ကြီးဖြစ်လာပြီ၊ မင်းကငါ့ရဲ့ပဌေအဖြစ် တစ်ရက်နှစ်ရက်အတွင်း ပြန်တမ်းထွက်လိမ့်မယ်။ အစိုးရအဖွဲ့အနေနဲ့ ငါတို့မှာ အခွင့်အရေးတွေရလာလိမ့်မယ်။ ငါအခုပြောနေတာ မင်းမြဲမြံမှတ်၊ အာဏာရတယ်ဆိုရင် ငါတို့ကို အကူအညီတောင်းတာတွေလည်း လာလိမ့်မယ်၊ ဒီတော့ ငါ့ရဲ့ဆွေမျိုး၊ ငါ့မိန်းမဘက်အမျိုးတွေ၊ မင်းနဲ့ ပတ်သက်တဲ့ အပေါင်းအသင်းတွေအားလုံး၊ ဘယ်သူ့ကိုမှ မတရားအခွင့်အရေးမပေးရဘူး။ သူတို့အကူအညီတောင်းတာ လုပ်မပေးရဘူး။ မင်းတို့ငါတို့လည်း ဘယ်သူ့ဆီမှာမှ အကူအညီမယူရဘူး၊ အဲဒါ အိမ်မှာအားလုံးပြောထားလိုက်၊ ငါပြောတဲ့အတိုင်းမလိုက်နာရင် မင်းနဲ့ငါအသိပဲ"

လို့ ဗိုလ်ချုပ်က သူ့အပါးတော်မြဲကို ဆိုသတဲ့ကွယ်။

ဒါနဲ့ ဗိုလ်ချုပ်ရဲ့အပါးတော်မြဲဟာ ဗိုလ်ချုပ်ဇနီးဒေါ်ခင်ကြည်ကို သွားပြောသတဲ့။

"မမကြည် အိမ်မှာချက်ဖို့ ဆန်မရှိရင် ကျွန်တော့်ကိုပြောပါ။ ကျွန်တော်တို့ ရဲဘော်တွေ ကြံဖန်ရှာ ပေးပါမယ်။ ဆန်အိတ်တွေ ဆီပုံးတွေနဲ့ နောက်ဖေးပေါက်က အိမ်ပေါ်တက်လာမဲ့စီးပွားရေးသမားတွေကို လက်မခံပါနဲ့ ဗိုလ်ချုပ်က ဒီအတိုင်းပြောထားပါတယ်"

အမှန်တကယ်လည်း ဗိုလ်ချုပ်အောင်ဆန်းဟာ လူရိုးလူဖြောင့်ပီပီ သူထုတ်ပြန်တဲ့ အမိန့်ကို သူကိုယ်တိုင်လည်း လိုက်နာခဲ့တယ်။ သူကိုယ်တိုင် ဘယ်လိုပြောလဲဆိုတော့ (Remember thet I Practise What I Preach ?)အဓိပ္ပါယ်ကတော့ " ငါဟာ ငါ့တပည့်တွေနဲ့ ရဲဘော် တွေကို သွန်သင်သလို ငါကိုယ်တိုင်လည်း လိုက်နာတယ်ဆိုတာမှတ်ထားပါ" ဘယ်လောက်ကြည်ညိုစရာ ကောင်းသလဲနော် ပြောတဲ့အတိုင်းလုပ်၊ လုပ်တဲ့အတိုင်းလည်း ကတိတည်းဆို အင်မတန် တော်တဲ့အကျင့်ပေါ့။ နောင်လာနောက်သား သားတို့သမီးတို့ ဗိုလ်ချုပ်လိုလူမျိုးကို တကယ်အတုယူအားကျဖို့ ကောင်းတယ်ဆိုတာမှတ်ထားကြပါလို့ပြောလိုပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းလို အဖက်ဖက်က အရည်အချင်းနဲ့ ပြည့်စုံတဲ့သူရဲ့အကြောင်းကို ကလေးတို့သိအောင် ရေးပြမယ်ဆိုရင် ရေးလို့မဆုံး၊ ပြောလို့မဆုံးအောင်သူရဲ့ကောင်းမြတ်တဲ့ အရည်အချင်းတွေရှိနေတာမို့ ဒါ ဗိုလ်ချုပ်ရဲ့ကောင်းကွက်အကျဉ်းအချုံသာပဲလို့ မှတ်ယူကြပါ ကွယ်၊ နောက်များမှာ ဦးဦးထပ်ပြောပြပါဦးမယ်။

လင်းသက်ခိုင်


အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့

တင်မိုး



သူသာရှိလျှင်
သူ၏နိုင်ငံ၊ ကြမ္မာကံကို
စီမံလိမ့်မည်၊ ဖန်တီးမည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်ဖွား၊ ဆင်းရဲသားတို့
ဝတ်စားနေမှု၊ ကျန်းမာမှုနှင့်
သိမှုတတ်မှု၊ ယဉ်ကျေးမှုကို
ဂရုစိုက်မည်၊ စောင့်ရှောက်မည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။



သူသာရှိလျှင်
သူ၏ဉာဏ်စွမ်း၊ ကိုယ့်အစွမ်းသည်
သူဝမ်းသူခါး၊ သူမယားနှင့်
သူသားတွက်ပေ၊ မဟုတ်လေဘဲ
သူနေထိုင်သည်၊ သူတိုင်းပြည်တွက်
သူ့ ပြည်နေရာ၊ သူကမ္ဘာတွက်
မေတ္တာဓာတ်ခံ၊ အပင်သန်လျက်
အားမာန်ထုတ်မည်၊ ဦးဆောင်မည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်အား၊ ကျူးစော်ကားက
အသားအသွေး၊ သက်စတေးလျက်
ပြည်ရေးဆောင်မည်၊ ကာကွယ်မည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။

သူသာရှိလျှင်
သူ၏ပြည်တွင်း၊ တစ်သွေးချင်းတို့
စစ်ခင်းသည့်ပွဲ၊ ပြီးပြတ်စဲလို့
လက်တွဲလက်ချိတ်၊ ညီနောင်စိတ်ဖြင့်
ပွဲတိတ်စေမည်၊ ဖြေရှင်းမည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။

အရှက်တက်တွင်၊ တိုက်ပွဲဝင်ခိုက်
သူလျှင်ကျဆုံး၊ တစ်ပြည်လုံးက
ယူကျုံးမရ၊ ဖြစ်ခဲ့ရလည်း
သူကရှေ့ဆောင်၊ မီးတန်ဆောင်သည်
ထွန်းပြောင်နေဘိ၊ လင်းတုန်းရှိ၍
သူ၏ကိုယ်စား သူ့စိတ်ထားက
ညွှန်ကြားလိမ့်မည်၊ ခေါင်းဆောင်မည်ဟု
ပြည်သူတိုင်းက၊ ယုံကြည်ကြ၏။

တင်မိုး



တစ်ခါတုန်းကပေါ့ကွယ်

မေတ္တာရွာလို့ခေါ်တဲ့ ရွာလေးတစ်ရွာမှာ အလွန်ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦး ရှိသတဲ့ကွယ်။ အဲဒီသူဌေးကြီးဟာ ငွေကြေးကြွယ်ဝချမ်းသာသူဖြစ်လေတော့ ပိုင်ဆိုင်မှုတွေလည်း များပြားသတဲ့။ လုပ်ငန်းတွေလည်း အများကြီး လုပ်ကိုင်သတဲ့။ နောက်ပြီးရွာရဲ့အရှေ့ အနောက်၊ တောင်၊ မြောက်လေးဖက်လေးတန်မှာ ကုန်စုံဆိုင်တွေလည်း ရှိသတဲ့။ လယ်ယာမြေတွေလည်းအများကြီးပိုင် သတဲ့ကွယ်။

သူဌေးကြီးဟာ သူရဲ့လုပ်ကိုင်သမျှလုပ်ငန်းတွေကို အောက်ခြေကအစ အားလုံးနားလည်အောင် လေ့လာပြီး အကုန်နားလည်တတ်ကျွမ်းမှလုပ်ငန်းတွေ တည်ထောင်တာဖြစ်သတဲ့ကွယ်။ အဲဒီတော့သူဌေးကြီးရဲ့လုပ်ငန်းတွေ မှန်သမျှ မပိုင်နိုင် မကျွမ်းကျင်တာ မရှိဘူးတဲ့ကွယ်။ သူဌေးကြီးက လုပ်ငန်းမှန်သမျှကျွမ်းကျင်သလို

လုပ်ငန်း လုပ်ကိုင်ရာမှာလည်း အကွက်မြင်တယ်။ စေ့စပ်တယ်။ လုပ်ငန်းတွေမှန်သမျှ သူ့လုပ်ငန်းနဲ့ သူ လည်ပတ်နိုင်အောင်သစ္စာရှိလူယုံတွေကို ထားပြီးလုပ်ကိုင်သတဲ့ကွယ်။ လူယုံတွေက သူဌေးကြီးဆီမှာ သစ္စာရှိရှိနဲ့ အမှုထမ်းတာပေါ့။ သူဌေးကြီးရဲ့ ပစ္စည်းတွေ အလေအလွင့် မရှိရအောင်ထိမ်းသိမ်းတယ်။ သူဌေးကြီးရဲ့တိုးတက်ရာ တိုးတက်ကြောင်းတွေကို အကြံအဉာဏ်တွေပေးတယ်။ သူဌေးကြီးရဲ့ လုပ်ငန်းတွေမှာ ချို့ယွင်းချက်မရှိအောင် လိုက်နာလုပ်ဆောင်တယ်တဲ့။ သူဌေးကြီး ကလည်းအပေးအကမ်း ရက်ရောပြီးဂုဏ်ပြုရမယ်သူ၊ ဆုချီးမြှင့်ရမယ်သူကိုဂုဏ်ပြုဆုတွေချီးမြှင့်ပေးပြီးမြှောက်စားသတဲ့ကွယ်။ ဒါကြောင့်မေတ္တာရှာမှာ သူဌေးကြီးကို မသိသူ မရှိအောင်နာမည်ကြီးနေတာပေါ့ကွယ်။

အဲဒီသူဌေးကြီးမှာ သားတစ်ယောက် ရှိသတဲ့။ အဲဒီသားနာမည်က မောင်စိတ်ကောင်းတဲ့။ သူဌေးကြီးဟာ တစ်ဦးတည်းသောသားကလေး မောင်စိတ်ကောင်းကို အလွန်ပဲချစ်မြတ်နိုးတယ်။ အလုပ်ကိုလည်း ဘာတစ်ခုမှ မခိုင်းဘူးတဲ့ကွယ်။ သားကလေးမောင်စိတ် ကောင်းပင်ပန်းမှာစိုးလို့ မခိုင်းရက်တာလည် ပါတာပေါ့ကွယ်။သူဌေးကြီးမှာက ဇနီးသည်ကွယ်လွန်ခဲ့တာကြာပြီဖြစ်ပေမယ့် အိမ်ထောင်သစ် မထူဘဲ မောင်စိတ်ကောင်း တစ်ယောက်တည်းကိုပဲ စုပုံပြီးမေတ္တာတွေ ပေးနေပေါ့။ ဒါကြောင့် မောင်စိတ်ကောင်းကို မြို့ကြီးပို့ပြီး ပညာတွေပဲ သင်ကြားစေတာပေါ့ကွယ်။ မောင်စိတ်ကောင်းဟာ ကျောင်းပိတ်လို့ ပြန်လာရင်တောင်မှ သူဌေးကြီးက လူငယ်သဘာဝ လွတ်လွတ်လပ်လပ်နေစေတဲ့ ကွယ်။ ဒါကြောင့် မောင်စိတ်ကောင်းဟာ အရွယ်ရောက်လာတဲ့အထိ သူဖခင်သူဌေးကြီးရဲ့ လုပ်ငန်းတွေကို ဘာမှမသိဘူး ဖြစ်နေတာပေါ့။ မောင်စိတ်ကောင်းအဖို့ကလည်း သူဌေးကြီးရဲ့လုပ်ငန်းတွေကို လေ့လာရကောင်းမှန် သိတော့ မလေ့လာဘဲ နေတာပေါ့ကွယ်။

ဒီလိုနဲ့ မောင်စိတ်ကောင်းလေးမြို့ကျောင်းမှာ ရှိနေတုန်း သူဌေးကြီးဟာ မမျှော်လင့်ဘဲ ကွယ်လွန် သွားသတဲ့ကွယ်။ မောင်စိတ်ကောင်းလဲ ကျောင်း ဆက်မတက်တော့ဘဲ ရွာကို အမြန်ပြန်လာပြီး ဖခင်သူဌေးကြီးရဲ့လုပ်ငန်းကိစ္စတွေကို ကြီးကြပ် လုပ်ကိုင်ရတာပေါ့ကွယ်။ မောင်စိတ် ကောင်းအနေနဲ့ လုပ်ငန်းကိစ္စတွေကို ဘာတစ်ခုမှ မသိပေမယ့်လည်း ဖခင်သူဌေးကြီးလက်ထက် လူယုံတွေနဲ့ ဆက်ပြီး လုပ်ကိုင်တာပေါ့။ ဖခင်သူဌေးကြီးရဲ့ သစ္စာရှိ လူယုံတွေကလည်း ဖခင်ကြီးလက်ထက်ကလိုပဲ မောင်စိတ်ကောင်းအပေါ် သစ္စာရှိရှိနဲ့ လုပ်ငန်းတွေကို ဆက်လုပ်ကိုင် ပေးတာပေါ့ကွယ်။ မောင်စိတ်ကောင်းအဖို့ လုပ်ငန်းတွေ နားမလည်ပေမယ့် အားလုံးအဆင်ပြေနေတာပေါ့ကွယ်။ မောင်စိတ်ကောင်းဟာလည် လုပ်ငန်းတွေကိုဘာတစ်ခုမျှနားမလည်းပေမဲ့ အချိန်တန်ရင်လုပ်ငန်းတွေဆီ လှည့်လည်သွားလာတယ်။ လုပ်ငန်းတွေကို လိုက်ကြည့်တယ်။ နားမလည်းပေမဲ့ နားလည် ချင် ဆောင်ပြီးလုပ်ငန်းတွေကို ကြီးကြပ်တယ်။ ပထမတစ်နှစ်မှာတော့ မောင်စိတ်ကောင်းအတွက် သိပ်အဆင်ပြေတာပေါ့ကွယ်။ ဖခင် သူဌေးကြီး လက်ထက်က သစ္စာရှိ လူယုံတွေကလုပ်ကိုင်ပေးနေတာကိုးကွဲ့။

အဲဒီမှာ တစ်ခုပြောစရာရှိတာက မောင်စိတ်ကောင်းရဲ့အနားမှာအနီးကပ်လူယုံမရှိသေးတာဘဲ

ကွယ်။ ဒီလိုနဲ့တစ်ရက်မှာ မောင်စိတ် ကောင်းနဲ့ မြို့မှာ အတူတူကျောင်းနေခဲ့တဲ့ သူငယ်ချင်းမောင် မောင်သာရောက်လာသတဲ့။မောင်စိတ်ကောင်းဆီမှာ အလုပ်အကိုင်လုပ်ချင်လို့ ပြောသတဲ့ကွယ်။ ဒါကြောင့် မောင်စိတ်ကောင်းလည်း မောင်သာကို လက်ခံလို့ လူယုံအဖြစ်ထားလိုက်သတဲ့ကွယ်။ မောင်သာဟာ မောင်စိတ်ကောင်းကို မျှော်ကပ်ပင့် ပြောဆိုတယ်။ စကားတတ်တတ်နဲ့ မောင်စိတ်ကောင်း ယုံကြည်အောင် ပြောတာနဲ့ ကြာလာတော့ မောင်သောဟာ မောင်စိတ်ကောင်းရဲ့ လက်ခွဲလို့ ဖြစ်လာတယ်။ လုပ်ငန်းတွေကိုမောင်စိတ်ကောင်းကိုယ်စားစီမံခန့်ခွဲလာတယ်။ လုပ်ပိုင်ခွင့်တွေ အပြည့်အဝရလာ သတဲ့ကွယ်။

မောင်သာ ရောက်လာပြီး ကြီးကြပ်တဲ့နှစ်မှာတော့ လုပ်ငန်းတွေဟာအကျိုးအမြတ် ရနေတာပဲပေါ့။ ဘာကြောင့်လဲဆိုတော့ မောင်စိတ်ကောင်းရဲ့ဖခင် သူဌေးကြီးလက်ထက်က သစ္စာရှိလူယုံတွေ ရှိနေသေးတာကိုး။ အဲဒီမှာ မောင်သာက ဘာလုပ်သလဲဆိုတော့ အဲဒီလူယုံတွေကို အကြောင်းအမျိုးမျိုးပြပြီး အလုပ်ကနေထုတ်ပယ်လိုက်တယ်။ ပြီးတော့ လူအသစ်တွေကို ခန့်ထားလိုက်တယ်။ ဒါကို မောင်စိတ်ကောင်းက မသိဘူးတဲ့။ မောင်သာရဲ့ ပြောဆိုသမျှ လုပ်ကိုင်သမျှကိုပဲ ယုံကြည်နေတာပေါ့ကွယ်။ အဲဒီနှစ်မှာတော့ မောင်စိတ်ကောင်းရဲ့ လုပ်ငန်းတွေက ပထမနှစ်လို မဟုတ်ဘူးတဲ့။ လုပ်ငန်းတွေအားလုံးအရှုံးပေါ်နေတာတွေ့သတဲ့။ မောင်စိတ်ကောင်းက လည်းဘာကြောင့်ရှုံးရတာလဲလို့မောင်သာကိုမေးတော့ အရောင်းအဝယ်တွေ ကောင်းပေမယ့်ဈေးနှုန်းတွေ ကမောက်ကမဖြစ်တာကြောင့် အရှုံးပေါ်တာလို့ မောင်စိတ်ကောင်းယုံကြည်အောင်မောင်သာက ပြောသတဲ့ကွယ်။ မောင်စိတ်ကောင်းကလည်း လူယုံလည်းဖြစ်၊ သူငယ်ချင်းလည်းဖြစ်တဲ့ မောင်သာရဲ့ ပြောစကားကိုပဲယုံကြည်ပြီး နောင်နှစ်မြတ်အောင်လုပ်ပေါ့ လို့ဘဲ ပြန်ပြောမိသတဲ့။

ဒီလို့နဲ့နောင်တစ်နှစ်မှာလည်းဒီအတိုင်းပဲ၊ လုပ်ငန်းတွေ အားလုံးအရှုံး ဖြစ်နေတာပဲတဲ့ကွယ်။ မောင်ကျော်ညာကတော့ ထုံးစံအတိုင်းပါပဲ။ အရောင်းအဝယ် ကောင်းပေမယ့်ဈေးနှုန်းရယ်၊ ရာသီဥတုကြောင့်ရယ်ကြောင့် ရှုံးတာပဲလို့ပြောသတဲ့ကွယ်။ မောင်စိတ်ကောင်းမှာက လုပ်ငန်းတွေကို တစ်ခုမှ မသိတော့ မောင်သာပြောသမျှ ယုံတာပေါ့ကွယ်။

တစ်နေ့မှာတော့ မောင်စိတ်ကောင်းဟာ ဖခင်သူဌေးကြီးရဲ့ အုတ်ဂူဆီရောက်လာတာပေါ့ကွယ်။ မောင်စိတ်ကောင်းဟာ စိတ်ထဲမှာ မချင့်မရဲဖြစ်တာကြောင့်ဖခင်သူဌေးကြီးကိုတိုင်တည်ဖို့လာရောက်တာတဲ့။ ဖခင်သူဌေးကြီးရဲ့ အုတ်ဂူဆီရောက်တော့ အုတ်ဂူဟာရှင်းလင်းပြီးနေတာတွေ့ရသတဲ့။ အုတ်ဂူကိုလည်း ထုံးတွေဘာတွေနဲ့ သုတ်ထားတော့ အလွန်ပဲကြည့်လို့ကောင်းနေတာပေါ့ကွယ်။ မောင်စိတ်ကောင်းလဲ စိတ်ထဲမှာ တွေးမိလိုက်တယ်တဲ့လေ။ မောင်သာတစ်ယောက် အလုပ်မအားတဲ့ကြားထဲက လုပ်ပေးထားတာပါလားလို့ မောင်သာကို ကျေးဇူးတင်နေပေါ့ကွယ်။

အဲဒီအချိန်မှာ သူဖခင်ရဲ့အုတ်ဂူဆီကို လူတစ်စုရောက်လာတာတွေ့သတဲ့ကွယ်။ မောင်စိတ်ကောင်းကြည့်လိုက်တဲ့အခါမှာ ဖခင်သူဌေး ကြီးလက်ထက်က ဆိုင်တွေ၊ လုပ်ငန်းတွေမှာ လုပ်ကိုင်ခဲ့တဲ့ သစ္စာရှိလူယုံတွေကိုတွေ့လိုက်ရတာပေါ့ကွယ်။ အဲ

ဒါနဲ့ မောင်စိတ်ကောင်းလည်း လုပ်ငန်းတွေ မလုပ်ဘဲ သူဌေးကြီးအုတ်ဂူဆီကို ဘာကြောင့်လာသလဲလို့ မေးလိုက်တာပေါ့။ အဲဒီအခါမှာ သစ္စာရှိလူယုံတွေက မောင် စိတ်ကောင်းရဲ့အလုပ်ထဲမှာ မလုပ်ကြတော့တဲ့အကြောင်း၊မောင်သာကအလုပ်ထုတ်ပစ်လိုက်ကြလို့ ဖြစ်ကြောင့် ဒါပေမဲ့ ဖခင်သူဌေးကြီး လက်ထက်က ပေးကမ်းစွန့်ကြဲပြီး ဆုချခဲ့မှုတွေကြောင့် ကိုယ်ပိုင်အလုပ်လေးတွေ လုပ်ကိုင်စားသောက်ကြလို့ မိသားစုဘဝ အဆင်ပြေကြောင်း၊ ဒါကြောင့် သူဌေးကြီးရဲ့ အုတ်ဂူကိုအမြဲတမ်းရှင်းလင်းပြီးလာရောက်ကျေးဇူးဆပ်နေတဲ့အကြောင်း ပြောပြကြတာပေါ့ကွယ်။

မောင်စိတ်ကောင်းလည်း သစ္စာရှိလူယုံတွေ မရှိတော့တဲ့နှစ်မှာ လုပ်ငန်းတွေ အရှုံးဖြစ်ပေါ်ရတယ်ဆိုတာ သဘောပေါက်သွားတာပေါ့ ကွယ်။ နောက်တစ်ခါ မောင်စိတ်ကောင်းအနေနဲ့ လုပ်ငန်းတွေကို ဘာတစ်ခုမှ နားမလည်ခဲ့လို့ မောင်သာရဲ့ပြောစကားအတိုင်း ယုံကြည်မိတယ် ဆိုတာကို လည်းသဘောပေါက်သွားတယ်တဲ့ကွယ်။

ဒါကြောင့် သူဖခင်သူဌေးကြီးရဲ့ သစ္စာရှိ လူယုံတွေဆီကနေတဆင့်လုပ်ငန်းတွေကိုမေးမြန်းသင်ယူတယ်တဲ့ကွယ်။ သူဖခင်သူဌေးကြီး ရဲ့အုတ်ဂူမှာပဲ စုရပ်လုပ်ပြီး သစ္စာရှိလူယုံတွေရဲ့ သင်ကြားမှုကို အသေအချာ နာယူမှတ်သားထား သတဲ့ကွယ်။ နောက်ပြီး လုပ်ငန်းတွေရှိတဲ့ဆီ ကို မောင်သာမရှိခင်မှာ သွားရောက်ပြီး စူးစမ်းတယ်တဲ့ကွယ်။ အဲဒီမှာ မရှင်းလင်းတာတွေကို သစ္စာရှိ လူယုံတွေဆီမှာ ပြန်မေးတယ်။ ထပ်ပြီးစူးစမ်းလေ့လာတယ်လေ။ အဲဒီလိုနဲ့ မောင်စိတ်ကောင်းဟာ လုပ်ငန်းကိစ္စတွေအားလုံး ကျွမ်းကျင် ပိုင်နိုင်သွားသတဲ့ကွယ်။ ဒါပေမဲ့မောင်သာမသိအောင် တော့နေလိုက်သတဲ့ကွယ်။

ဒီလိုနဲ့ လုပ်ငန်းတွေ စာရင်းချုပ်တဲ့နေ့ကို ရောက်တော့ မောင်သာက စာရင်းတွေတင်ပြပြီး ရှုံးတဲ့ အကြောင်း ပြောတာပေါ့ကွယ်။ မောင်စိတ်ကောင်းဟာ မောင်သာရဲ့စာရင်းကိုယူပြီး ဘယ်လုပ်ငန်းက ဘယ်နေရာမှာ အမှားပြထားတာ၊ ဘာလုပ်ငန်းက ဘယ်လိုမှ မမှန်ဘူးလို့ ဆိုပြီး အချက်အလက်တွေကို ထောက်ပြပြောဆိုလိုက်တဲ့အခါ မောင်သာလည်း ဘာမှ မပြောနိုင်တော့ဘူးတဲ့ကွယ်။ မောင်စိတ်ကောင်းထောက်ပြတဲ့ကိစ္စတွေက အမှန်တွေပဲ ဖြစ်နေတာကိုးကွဲ့။ နောက်မှာ မောင်သာလည်းမှားပါတယ်။ လိမ်လည်ပြီး အရှုံးပြပါတယ်လို့ဝန်ခံလိုက်တဲ့အခါမောင်စိတ်ကောင်းလည်းမောင်ကျော်ညာကို ရင်းနှီးဖို့ပေးပြီး မြို့ကိုပြန်ခိုင်းလိုက်သတဲ့ကွယ်။

ပြီးတော့ သူဖခင်လက်ထက်က သစ္စာရှိလူယုံတွေကို လုပ်ငန်းတွေမှာ ပြန်ခန့်ပြီး အလုပ်တွေဆက်လုပ်တယ်တဲ့ကွယ်။ မောင်စိတ် ကောင်းဟာ အရင်လို ပေါ့ပေါ့မနေတော့ဘဲ လုပ်ငန်းမှန်သမျှကို နားလည် တတ်ကျွမ်းအောင်လေ့လာပြီး လုပ်ငန်းတွေဆောင်ရွက်သလို၊သစ္စာရှိလူယုံတွေကိုလည်း ချီးမြှင့် မြှောက်စားတော့ လုပ်ငန်းတွေတိုးတက်အောင်မြင်ပြီး သူဌေးကြီးဦးစိတ်ကောင်းရယ် လို့ ဖြစ်လာတော့သတဲ့ကွယ်။

ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်။

သီဟဇော် (မြစ်ဝကျွန်းပေါ်)



ဖူးစာရှင်
ပန်းတေနောက်ကျောမှိုး

ကလေးတို့ရေ

ဟိုတစ်ခါတုန်းက မြစ်ဝကျွန်းပေါ်ဒေသမှာ ရှိတဲ့ရွာ ကြီးတစ်ရွာမှာ မောင်လူလှဆိုတဲ့ လူတစ်ယောက်ရှိခဲ့ဖူးတယ်။ သူနာမည်က မောင်လူလှဆိုပေမယ့် ရုပ်ရည်က အတော်ဆိုးပါတယ်။ ရုပ်ရည်က ဆိုးသော်ငြား ချမ်းသာ ကြွယ်ဝတဲ့မိဘနှစ်ပါးကမွေးဖွားထားသူဖြစ်တော့ မိဘတွေ က တစ်ဦးတည်းသော သားဖြစ်သူမောင်လူလှကို အတော်ချစ်ကြပါတယ် ကွယ်။

မိဘတွေမှာသားဖြစ်သူနှင့်အတူ စိတ်ချမ်းမြေ့စွာနေထိုင်လာခဲ့ကြရင်း သူတို့မှာ အသက်ကြီးကြပြီဖြစ်လို့ အရွယ်ရောက်လာပြီဖြစ်တဲ့ မောင် လူလှရဲ့နောင်ရေးအတွက် အိမ်ထောင်ချပေးခဲ့ချင်ပါတယ်။ ဒါပေမဲ့ ရွာထဲ မှာရှိကြတဲ့အပျိုအရွယ်မိန်းကလေးတွေက ရုပ်ရည်ဆိုးလှတဲ့ မောင်လူလှ ကို မချစ်မနှစ်သက်ကြဘူး။ စိတ်မဝင်စားကြဘူးပေါ့။ မောင်လူလှ မှာလည်း အိမ်ထောင်ပြုလိုစိတ် ရှိပေမယ့် သူကိုချစ်ကြိုက်မယ့်သူမရှိလို့

စိတ်မာတ်ကျနေရရှာတာပေါ့။

အဲဒီလိုနဲ့ နှစ်အနည်းငယ်အကြာမှာ မောင်လူလှရဲ့ မိဘနှစ်ဦးစလုံး ကွယ်လွန်သွားကြတယ်။ မောင်လူလှမှာ မိဘတွေရဲ့ခြံမြေဥယျာဉ်ဥစ္စာပစ္စည်းတွေ အမွေရလိုက်ပါတယ်။

မောင်လူလှဟာ မိဘတွေမရှိတဲ့နောက် အထီးကျန်ဘဝနဲ့ တစ်ယောက်တည်း ဖြစ်နေရရှာတယ်။ သူမှာအလုပ် အကိုင် စီးပွားရေးစားဝတ်နေရေး မပူပင်ရသော်ငြားဘဝလက်တွဲဖော်မရှိဘဲနေထိုင်မကောင်းတဲ့အခါမှာပင်ပြုစုစောင့်ရှောက်ပေးမယ့် လူမရှိလို့ အားကိုးရာမဲ့နေရှာပါတယ်။

အဲ့ဒီလိုနဲ့ တစ်နေ့မှာ မောင်လူလှတို့ရွာကို အထက် အညာဒေသကဗေဒင်ဆရာတစ်ယောက် ရောက်လာတယ်။ အိမ်ထောင်ပြုချင်နေရှာတဲ့ မောင်လူလှတစ် ယောက်ဗေဒင်ဆရာတည်းခိုနေတဲ့ အိမ်ကိုရောက်သွားပြီး သူမှာ အိမ်ထောင်ကျကိန်း ရှိ၊ မရှိကို သိလို၍ ဗေဒင်မေးကြည့်တယ်။

ဗေဒင်ဆရာက သူ့ကို အိမ်ထောင်ကျကိန်းရှိတယ် လို့ပြောလိုက်တာနဲ့ မောင်လူလှခမျာ ဝမ်းသာသွားတာပေါ့။

ဗေဒင်ဆရာက သူ့ကိုတွက်ချက်ပြီးဆက်ဟောတာက . . .

"တစ်ခုတော့ရှိတယ်။ အိမ်ထောင်ကျချင်ရင် ကိုယ့်ရဲ့လုပ်အားတော့ စိုက်ထုတ်ရမယ်။ လုပ်ရမှာက. . ခုနှစ်မိုင်လောက်ဝေးတဲ့နေရာအထိ ရွာစဉ်တစ်လျှောက်၊ လျှောက်သွားပါ။ သွားတဲ့ရွာစဉ်တစ်လျှောက်မှာ ဖူးစာရှင်ရေ၊ ဖူးစာရှင်ရေလို့ အော်ခေါ်သွားပါ။ မင်းခေါ်တဲ့အခါ ပြန်ထူးတဲ့မိန်းကလေးဟာ ဖူးစာရှင်ဖြစ်ပြီး မင်းနဲ့အိမ်ထောင်ကျမယ့်သူဖြစ်ရမယ်။ ဆရာပြောသလို လုပ်ကြည့်ပါလို့" ဟောလိုက်တယ်။

မောင်လူလှဟာ ဗေဒင်ဆရာ ဟောတာကို စိတ်ဝင်စားပြီး ယုံကြည်သွားတယ်။

တစ်နေ့မှာ မောင်လူလှ တစ်ယောက် ဗေဒင်ဆရာပြောသလို လုပ်ဖို့ ရွာကနေ စထွက်ပါတော့တယ်။ ရွာကနေ စထွက်ကတည်းက ရွာစဉ်လမ်းတစ်လျှောက်မှာ "ဖူးစာရှင်ရေ၊ဖူးစာရှင်ရေ" လို့ခေါ်သွားတယ်။ ဘယ်နေရာဆီကမှ ပြန်ထူးသံမကြားရဘူး။

ဒါပေမဲ့ ခေါ်ရင်းလျှောက်ရင်းနဲ့ သွားလိုက်တာ၊ ခြောက်မိုင်ခရီးလောက်အရောက်မှာ ရွာတစ်ရွာရဲ့ လမ်းဘေးမှာရှိတဲ့ အိမ်လေးတစ်အိမ်ရှေ့က သူခေါ်လိုက်တာကို " ဝူ" ဆိုတဲ့ ပြန်ထူးသံကြားရလို့ မောင်လူလှမှာ ဝမ်းသာအားရဖြစ်ပြီး အသံလာရာဆီကိုလှမ်းကြည့်လိုက်တယ်။

သူလှမ်းကြည့်လိုက်တဲ့အချိန်မှာ အသက်ငယ်နဲ့ အရွယ်မရောက်သေးတဲ့ မိန်းကလေးတစ်ယောက်ဟာ သူတို့အိမ်ရှေ့မှာ ဆော့ကစားနေရာကနေ လှမ်းထူးတာကိုသိရလို့ မောင်လူလှ ဒေါသထွက်သွားတယ်။ မလောက်လေးမလောက်စား မရှုးမကောင်းနဲ့ ငါ့ကိုနောက်ပြောင်ရမလားဆိုပြီး မောင်လူလှက အဲ့ဒီမိန်းကလေးကို လမ်းဘေးကကျောက်ခဲနဲ့ လှမ်းပစ်လိုက်တာ မမျှော်လင့်ဘဲ မိန်းကလေးရဲ့ နဖူးကို ထိမှန်ပြီးသွေးသံရဲရဲနဲ့ဖြစ်သွားရှာတယ်။

မိန်းကလေးမှာနဖူးက ဒဏ်ရာကြောင့် နာကျင်ထိတ်လန့်ပြီးအော်ငိုတာပေါ့။ သူငိုလိုက်တဲ့အသံကြောင့် လူကြီးတွေရောက်လာတာနဲ့ မောင်လူလှ

လည်း ပြဿနာတော့ တက်ပြီဆိုပြီး နောက်ကြောင်းလှည့်ကာ ရွာဆီကို ပြန်ပြေးခဲ့ရပါတော့တယ်။

ထိုအချိန်ကစပြီးမောင်လူလှဟာသူအိမ်ထောင်ပြုဖို့ ကိစ္စကိုမစဉ်းစားတော့ဘဲ စိတ်ဓာတ်ကျပြီးနေခဲ့ပါတယ်။

ဒီလိုနဲ့ဆယ်နှစ်ကျော်ကျော်ကြာလာတဲ့အချိန်မှာတော့ နဖူးစာရွာလည်ဆိုသလို မောင်လူလှမှာ အိမ်ထောင်ကျကိန်း ဆိုက်ရောက် လာပါတော့တယ်။

ရွာထဲမှာရှိတဲ့ မောင်လူလှရဲ့ ဦးလေးဖြစ်သူက တူဖြစ်သူတစ်ယောက် အဖော်မရှိတဲ့ဘဝကို မကြည့်ရက်ရှာဘူး။ ထိန်းသိမ်းပြုစုစောင့်ရှောက်ပေးမယ့်သူ ရှိစေချင်တယ်။

မောင်လူလှရဲ့ဦးလေးက သူတို့အိမ်မှာ ငရုတ်ခူးပဲကောက်အလုပ်ကိုအတွားလာရောက်လုပ်ကိုင်ကြတဲ့ သားအမိနှစ်ယောက်နဲ့ ခင်မင်မှုရှိကြပြီး သမီးဖြစ်သူနဲ့ မောင်လူလှကို ပေးစားဖို့ မိခင်ဖြစ်သူကို စေ့စပ်တောင်းရမ်းကြည့်တော့ အဆင်ပြေသွားတယ်။ မောင်လူလှလည်း သူမှာ ရုပ်မလှပေမယ့် အိမ်ထောင် ကျဖြစ်သွားတာပေါ့။

အိမ်ထောင်ကျကိန်း မျှော်လင့်ချက်မရှိဘူးလို့ ထင်ခဲ့မိတဲ့ မောင်လူလှတစ်ယောက် ဇနီးသည်လေးနဲ့ ပျော်မဆုံးမော်မဆုံးပေါ့။

အိမ်ထောင်ကျပြီးလို့ ရက်အနည်းငယ်အကြာလသာတဲ့တစ်ညမှာဖြစ်ပါတယ်။


မောင်လူလှက အိမ်ရှေ့ ခြံစပ်က စံပယ်ပန်းခက်လေးတွေသွားခူးပြီးသူ့ဇနီးသည်လေးရဲ့ခေါင်းမှာ သူကိုယ်တိုင်ပန်ပေးရင်း ဇနီးဖြစ်သူရဲ့ နဖူးမှာ အမာရွတ်တစ်ခုကိုတွေ့လိုက်မိတယ်။ သူကစပ်စုတဲ့အနေနဲ့ အမာရွတ်ဖြစ်ရတဲ့အကြောင်းကို မေးကြည့်တော့ ဇနီးသည်က။


"ဒီလိုပါ အကိုကြီးရယ်.. ကျွန်မငယ်ငယ်တုန်းက အိမ်ရှေ့မှာ ကစားနေတုန်း လမ်းပေါ်ကနေ ဖူးစာရှင်ရေ ဖူးစာရှင်ရေလို့ ခေါ်သံကြားရလို့ ကျွန်မလဲနှုတ်မစောင့်စည်းနိုင်ဘဲ"ဝူး"ဆိုပြီးထူးမိလိုက်ပါတယ်။ အဲ့ဒါကို လမ်းပေါ်ကလူက သူ့ကိုနောက်ပြောင်တယ်လို့ထင်ပြီး ကျောက်ခဲနဲ့လှမ်းပေါက်လိုက်တာ ကျွန်မနဖူးမှာ ဒဏ်ရာရပြီး အခုလိုအမာရွတ်ကျန်ခဲ့တာပါ"


မောင်လူလှမှာ ဇနီးသည်ပြောတာကို သိရလို့ အံသြသွားပြီးတဟားဟားနဲ့ ရယ်ရင်း။

"အဲ့ဒီတုန်းက ကျောက်ခဲနဲ့ပေါက်လိုက်တာငါပဲဟ.. တကယ်ပဲဟေ့ နင်နဲ့ငါဟာ တကယ်ရေစက်ဆုံတာမှန်တဲ့ ဖူးစာရှင်တွေပဲ " ဆိုပြီး မောင်လူလှက သူရဲ့အဖြစ်မှန်ကို ပြောပြလို့ နှစ်ဦးသားပီတိတွေဖြစ်ပြီး ပြုံးရယ်မိကြပါတော့သတဲ့။

ပန်းတနော်ကျော်မိုး



ပဏ္ဍိတ
ပထမဝန်
ဖိုးသာရဘိုကြီး
စကားပြိုင်ပွဲ
ဒုတိယအပိုင်း
ပြုန်မာနိုင်ငံရဲ့ လွတ်
လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်
ဆန်းပဲဟာ အာဂိယိဝ်နယ်ချဲ့ နဲ့ ဖက်
ဆစ်ဂျပန် တွေကို ခွပ်ခွပ်ခွဲခွဲ
တိုက်ခိုက်ခဲ့တဲ့ ခေါင်းဆောင်ကြီး
ပေါ့... စိတ်ကြမ်း ဇာတ်ကြမ်း နဲ့
လို့ အများက
ထင်ကြပေမယ့် လက်အောက်
ပေါ်သားနဲ့ ပြည်သူတွေ
အပေါ်မှာ ထားတဲ့ ဓာန
ဓိတ် ညှာတာဒိတ်တွေက
တော့ ကြွခဲ့လင်းအေးမြ
လှပါတယ်...



ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကားကိုမောင်း
တဲ့ ရဲဘော်လေးကဆော့ ရဲဘော်
ကျော်စိန် လို့ ခေါ်တယ်...
RC 2374
ရဲဘော်ကျော်စိန်ဟာ အလွန်ပျော်တတ်
ရွှင်တတ်ပြီး ယဉ်ရောမောရာ များကို
ပြောတတ်လို့ ဗိုလ်ချုပ်အိမ်မှာရှိတဲ့
အခြားရဲဘော်တွေက သူ့ကိုခင်ကြတယ်
ကားမောင်းရာမှာလဲစမ်းအလွန်း ကျင်လည်ပြီး သူ့ ယာဉ်မောင်းသက်တမ်း
တအွေကာ မဆော်တဆ ထိခိုက်မိတဲ့ ယာဉ်တိုက်မှု တစ်ကြိမ်တစ်ခါမှ
မဖြစ်ဖူးခဲ့ပ...



ဒါပေမဲ့ သူ့မှာအားနာစိတ်ချက် တစ်ခုတော့ရှိတယ်
အဲဒါကတော့ ယမကာဘရက်ကို အလွန်ကြိုက်တတ်
ခြင်းပါပဲ...
သို့ပေမယ့် တာဝန်ဝတ္တရား
ကို သိတတ်တဲ့ ရဲဘော်ကျော်စိန်
ဟာ အလုပ်ဝတ္တရားဆောင်ရွက်
နေစဉ်နဲ့ ကားမောင်းနေချိန်မှာ
ဘယ်သောအခါမှ သောက်ဖော်
မူးယစ်ခြင်း မပြုဘူး...
အလုပ်ကိစ္စ အားလုံးပြီးပြီ သခင်နဲ့တစ်ခွန်း
တာ ဗိုလ်ချုပ်သွားစရာ မရှိတော့ ဆိုတာ
ကို ဗိုလ်ချုပ်ရဲ့ အပါးတော်မြဲ ဗိုလ်ထွန်းလွင်
က လာပြောပြ...


ကျော်ဘိန်ရဲ့
သတင်းနဲ့တော့ ဖိုလ်ချုပ်
ဘဝးစရာ မရှိတော့ဘူး
နားချင် နားလေ..
ဟုတ်..ဟုတ်ကဲ့
ဖိုလ်ကြီး
သူ့အငြိမတန်ကြောင်းတဲ့
ယာမကာကို ဖြိုဝတော့သတဲ့
အရက်သောက်ပေမယ့်
စည်းနဲ့ကမ်းနဲ့ပါပဲ..
ယူးပြိုးရမ်းတာတို့ ရန်ဖိုတာတို့ တစ်ခက်ကလေး
တောင် မရှိဘူး. အမြဲတမ်း
ရှက်နောက်နောက် နဲ့ယဉ်
ရာ မောစရာတွေ ပြော
နေတတ်တယ်...


ရေချိန်ကိုက်ပြီး
တစ်ကယ်ယူးဆွား
ရင်တော့ အိပ်
သွားတာပါပဲ...
ဒါကို ဖိုလ်ချုပ်ရဲ့ ဝိတ်ဆွေတစ်ချို့က
ကျွဲမိန်းက
ယူးရားနေတဲ့ ကောင်အိုတော့
ဖိုလ်ချုပ်ကားကို မောင်းခိုင်း
ဖို့ မသင့်ဘူးထင်တယ်.
ဟုတ်ပါ့ဗျာ
ဖိုလ်ချုပ် နောက်
တစ်ယောက်သာ
ခဲ့ပို့ကိုက်ပါ
သနုပ်ကောင်
ကြောင့် သိက္ခာ
ကျပါ့တယ်..
ဘယ်သူတွေ ဘယ်ပြောကြောပြော
ဖိုလ်ချုပ်က လက်မခံ။


ဗိုလ်ချုပ်ကြီးဆိုရင် ကိုယ့်ကို ဘယ်လိုမျိုး ချစ်တတ်ခဲ့သလဲ ဆိုတာ ကလေးတွေ သိသင့်တယ်လို့ ထင်ပါတယ်။ ဒီတော့ ဗိုလ်ချုပ်ကြီးနဲ့ ကိုယ့်ကြားက ဆက်ဆံရေးကို ကလေးတွေ သိအောင် ပြောပြပေးပါ။
ဗိုလ်ချုပ်ကြီးနဲ့ ကိုယ့်ကြားက ဆက်ဆံရေးကို ကလေးတွေ သိအောင် ပြောပြပေးပါ။
ကလေးများအတွက် ဗိုလ်ချုပ်ကြီးရဲ့ ချစ်ခင်မှု


ဗိုလ်ချုပ်အရိုးရခဲအဖွဲ့. အာဇာနည်တပ်ရယ်လို့ပြီးတဲ့ နောက်တာဝန်နဲ့ အလုံလေးဒေါ်ခင်ဝေတို့ ခွဲခွာစားပွဲတက် ရတယ်. ကားမောင်းတာက ရဲဘော်ကျော်စိန်ပဲပေါ့ ဟ..
ရဲဘော်ကျော်စိန်က ပေါ်ငြားဝင်းဆက်သံရေး ကောင်းသူပြစ်ပို့. မကြာခဏ ထိုင်ထွက်နေရတဲ့ ဘုရင်ခံအိမ်က ယာခုံမောင်း တွေ စားပွဲထိုးတွေနဲ့ ရင်းနှီး ခင်မင်နေကြပြီး ဖြစ်တယ်..
ဒီနေ့ကြွေးကျော်စိန်ကို လက်ဝှေ့ပြိုင်နောက် ဖေးဆောင်မှာ အသုဘဆောက်နေတဲ့ မြို့ခံအရက်တွေ အတင်းတိုက်ရာ.
အားကစားသမား ဆို သောက်က သောက်ချင်နဲ့. ဆရာက များများသောက်ဖို့ ခဲတယ်ပေါ့.


ဒုတိယ. ဗိုလ်ကျော်စိန်
သစ်ပင်ကောင်ပျံလွှား အိပ်မက်များ
နောက်ပါ. ဝါစိမ်း
ဒုတိယစားပွဲပြိုးလို့ ဗိုလ်ချုပ်တို့ ပြန်ထွက်လာတော့..
အဝင်းဘဏ်နိုးဖို့ ပြင်နေတဲ့ ဗိုလ်ထွန်းလွှဲကို ဗိုလ်ချုပ်က..
သစ်လိုပျို့ တစ်ဘီးမှ မဖြစ်ဖူးပါ ဘူး မင်းလေးစား အသိပဲ
သစ်တစ်ဘီးတော့ ဖြိုပါရစေတော့ ဂျပ်. ထွန်းလွှဲ မင်းပဲ မောင်း ငါ မင်းနဲ့ အတူ ရှေ့ခန်း ကထိုက်ပယ်.
ဖျာ.ဖျာ! ထွန်းလွှဲ မနိုးပါနဲ့ကွာ သစ်ကောင် အမှုးလွှဲနဲ့ ပြိုး အိပ်ပျော်နေပုံရတယ်..
ဗိုလ်ထွန်းလွှဲ လေးစား အရာရှိခံ အိမ်ထောင်ရေးမှာ တော်လိုနိုးလေး အိပ်မက် ထဲမှာပင်းလောက် ရဲဘော်ကျော်စိန်က တော့ ကားနောက်ပိုင်း မှာ ဒုစစ်ဒိုက်ကြီး အိပ်ပျော်နေတာ...
ဗိုလ်ချုပ်က စာရဲ့ ရင်ဆွေးထဲယျားကို ချစ်တဲ့ ရဲဘော် ကျော်စိန်ကို သင်ပေးရင်း ပြုံးနေခဲ့တာပေါ့. လက် အောက်ငယ်သားတွေ နဲ့ တိုင်းပြည်ပြုစုသားများအပေါ် ထား တဲ့ နူးညံ့ပြိုးအေးချမ်းတဲ့ စာနာစိတ် ညှာတာစိတ်တွေဝင်က တစ်ခုပါပဲကွယ်...

သရုပ်ဖော်.. ဒေါက်ထီးမျိုးမျိုး 2014.10 CARTOONIST


ရောက်တိုင်ရောလမ်းကြား








တစ်နေ့ ... အဘိုးကြက် တစ်ကြက်နဲ့
ကြွေးကြိုးကြက်လို့ အနှိုင်အပါးပြိုင်မှာ
ရှိတဲ့ တန်ခိုးကြီးစေတီကို သွားပြီး
ဖူးမြော်ရင်း ဥပုသ်သီလဆောက်
လိုက်ပါဟယ်လို့ ရန်းသည်က
ခင်ပွန်းကို ပြောသတဲ့ ...


ချင်ဖရေ.. တို့မျှားဟာ တစ်နေ့လုပ်
တစ်နေ့စား နေရတဲ့ ဘဝမို့ အဂ္ဂမ
ဖတောင့်လို့ သီလဖစောင့်
နိုင်ခဲ့ဘူး ...


မောင်ကြီး ဘယ်လုပ်လုပ်နေခဲ့မယ်
ချင်ဖက ရွေးကိုးပါ
ရှိတဲ့အောင် လှူကြဖို့ ဘဉ်ကျေးဇူး
လိုက်သွားပေါ့ ...


ဒီလိုနဲ့ ရန်းသည်ဟာ သတောတူကြီး
လှူကြဖို့ရှိတာနဲ့ မြို့ကို ဘဉ်ကျေးဇူးဖို့
လိုက်သွားသတဲ့ ...


မြို့ပေါ်က စေတီဘုရားကြီးတော့..
ငြိမ်ငြိမ်မှာ.. ဟောန်းတစ်ပါး ဆီက
လူတွေ သိပ်လာနေကြတာပဲ...


ဒါပေမယ့်..ဝင်းဆွေသားရေ့
ဒုနီးဟာ သိပ်ပေး မဆိုတာတော့
ဘုရား..ဘုရား ဆိုပြီး
နှုတ်က လှိုက်ဆိုနေရ ရှာသတဲ့..
ဘုရား..
ဘုရား..


ဒီအချိ.. သူဘေးမှာ ရွာက ချမ်းသာ
ကြွယ်ဝတဲ့ မြေပိုင်ရှင်သူဌေး
ကတောက်ကြီး ပူတီးစိပ်နေတာ
တွေ့တော့...


ပူတီး ဘယ်လိုစိပ်ရတယ်ဆိုတာ
မေးမြန်း မိသတဲ့...



ဖြေပိုင်ချင် သူဌေးကတော်ကြီးက
မကြား ချင်ယောင်ဆောင်နေသတဲ့။
ထင်းရွေသမား ဇနီးက ဟုတ်
စိပ်နှည်း သင်ပေးဖို့ ထပ်
ပြောတော့။
ညည်းက
ဟုတ်ဘောင်
မစိပ်တတ်ဘဲ..
ဥယျာဉ် လာစောင့် ချင်တာကြီး။
ဂေါလိယ်မယ်..ကုသိုလ်တွေ
ပွားနဲ့။
ဒီလောက်ဟုတ် စိပ်ချင်ရင်
ရောက်တိ ရောက်ရာ..ရောက်တိ
ရောက်ရာ လို့ ပါးစပ်က
ရွတ်ပြီး စိပ်ပေါ့ အေ။



ထင်းခွေသမား ခုနှိုးလာသဉ်း
သူ့ဌေးကတော်ကြီးပြောတာ
အမဟုတ်မှတ်ပြီး.. သဒ္ဓါကြည်သည်ဥဿ
စိတ်နဲ့ ရှောက်တိ ရှောက်ရော်ကို
ရွတ်ဖတ် ယုတိ:စိပ်တော့တာပဲ။။


သူယုတိ:စိပ်တဲ့ သစ်ပင်အောက်မှာ
ဖြွေတွင်း တစ်တွင်းရှိတာပဲ.. အဝေ
မှာ..ဖြွေ သူတော်ကောင်း
တစ်ကောင် နေထိုင်သတဲ့။။


ဒီ.. ဖြွေသူတော်ကောင်းဟာ
အခု ရှောက်များ မှာ.. ဥယျဉ်သိတင်း
သီလ ခေဘက်တဉ်ပြီး
မကောင်းသူကိုပဲပဲ...
ကောင်းသူကို ကပ်တင်
လေ့ရှိတာပဲ။။


ရှောက်တိ ရှောက်ရော..
ရှောက်တိ ရှောက်ရော..


ဖြွေ သူတောက်ကောင်းလည်း
ထင်းခွေသမား၏ ဇနီး ပုဝဒိုးစိပ်
ရေ ချမ်းသံ့ကြားတော့ နွေစိမ်းက်
သတောကျသွားရောတဲ့...
ဒီသူငယ်မဟာ
ရတနာသုံးပါးကို အလွန်
ကြည်ညိုလေးစားသူပါ..
ဝတ်စားပုံကြည့်ရတာ
ဆင်းတောင့်ဆင်း၏
နေရပုံတောပဲ..
ဖြွေတွင်းထဲမှာ ရှိတဲ့ ဖွေဒွေ
အသပြာတွေကို ထင်းခွေ
သမား၏ ဇနီး အဖြေ့မှာ
ပုံချပေးလိုက်တာပဲ...
ဒီလိုစိတ်သတောထား
ကောင်းတဲ့ သူမျိုးကို ငါ..
ကူညီဆောင်ရမှပါဖြစ်ပဲ..


ထင်းခွေသမား၊ ဇနီးဟာ
ယျက်စိ မှိတ် အာရုံပြု ပူတီး စိပ်
နေရာက အဓိဋ္ဌာန်စေ့လို့ ယျက်စိ
ဖွင့် ကြည့်လိုက်တော့
အံ့ဩသွားတယ်၊၊၊
ဟယ်! ချွေငွေအသည်းတွေ..
ငါနဲ့ထိုက်တန်လို့ ရောပေါ
ဝမ်းသာလိုက်တာ...


ထင်းခွေသမား ဇနီးလည်း
ခရီးဖော်ကို မစောင့်ဘဲ.. ချွေငွေ
အသည်းတွေကို ထုပ်ပိုးပြီး
အိမ်ပြန်လာတာပေါ့၊၊၊


ဒီသတင်း ကို ကြား တဲ့ ဖြေဟိုင်ချင်
သူဌေး ကတော် ကြီး ဟာ လောဘ
ဇောတိုက်ကြီး...
ငါ ပြောတဲ့
ဂါထာ ချေတဲ့ လို့
သူ ရသွား တာ..


သူ့လိုပဲ.. ချွေငွေ
အသည်းတွေရဲ့ဒေါင်
လုပ်မယ်...


ဒီလိုနဲ့ ဘုရားစေတီဆီပြန်သွားပြီး
ထင်းရွေသမား ဇနီး ပူတီးစိပ်ခဲ့တဲ့
ဖြေတွင်း အနီးမှာ ထိုင်လိုက်တယ်။။
နှုတ်က ရောက်တိုရောက်ရာလို့
ရေရွတ်ပြီး ယျက်စိဖျိတ် ဟန်ဆောင်
ပူတီးစိပ်သတဲ့။။
ဖြေကြီးလည်း .. ဒီလောက်
လောဘကြီးတဲ့ ဖိနှိပ်မကြီး
လောကမှာရှိနေတာ။။
အပိုင်ဆိုပြီး ပေါက်သတ်
လိုက်ပါရောတဲ့။။
ပုံပြင်လေးက ဒါပါပဲ

ပြည်ထောင်စုအားမာန် ပြည့်လျှံစေသား



“ဒေါ်လေးရေ . . . ဘာတွေအလုပ်ရှုပ်နေတာလဲ”

“ပုံပြင်ကမ္ဘာကို စာမူပေးစရာရှိလို့ ဇာတ်လမ်း စဉ်းစားနေတယ်”

“ဘိုးဘိုး၊ ဘွားဘွားတို့ အိမ်မှာသားသားတို့က တစ်လမှ တစ်ခါပဲ လာအိပ်ခွင့်ရတာ။ ညဘက် ရောက်လာပြီဆိုတော့ သားသားတို့ နှစ်ယောက်ကိုပုံပြင်ပြောပြပါဦးလား”

“မောင်လေးကလည်း တစ်နှစ်မှာနှစ်ရက် အိပ်ခွင့်ရတဲ့ လနှစ်လ ရှိပါတယ်ဟ”

“ဟုတ်တယ်ဟုတ်တယ် သားသားမေ့သွားလို့ပါဗျာ။ ပြီးခဲ့တဲ့လဇန်နဝါရီလ(၄)ရက်နေ့ လွတ်လပ်ရေးနေ့ရယ်၊ ပြီးတော့ဒီနေ့ ဖေဖော်ဝါရီလ(၁၂)ရက်နေ့ အပါအဝင်နှစ်ရက်လေ ဟုတ်တယ်မဟုတ်လား”

“ကဲ ဟုတ်ပါပြီ . . သားသားနဲ့ မီးမီး . . . ညအိပ်ရာမဝင်ခင် သွားတိုက်ပြီးပြီလား”

“ဟုတ်ကဲ့ပါဒေါ်လေး” တူလေး၊တူမလေးနှစ်ယောက်ပုံပြင်နားထောင်ဖို့စိတ်အား ထက်သန်နေလေရဲ့။ ပရိသတ်တောင်းဆိုချက်အရ ဒေါ်လေးပုံပြင်ပြောပြရမယ်မဟုတ်ပါလား။

"တစ်ခါက ဘုရင့်နေပြည်တော်နဲ့မိုင်ပေါင်းများစွာဝေးကွာလှတဲ့ ရွာတစ်ရွာမှာ ဇနီးမောင်နှံနှစ်ဦးနေထိုင်တယ်။ အချိန်ကြာတာနဲ့အမျှ သား၊သမီးရတနာများ ထွန်းကားလာကြတယ်။ သားနှစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားတယ်။ သားကြီးမောင်ဖြူဟာငါးနှစ်၊ခြောက်နှစ် အရွယ်ကို ကျော်လွန် လာခဲ့ပေမဲ့ ရွာဦးဘုန်းကြီး ကျောင်းကို သွားပြီးပညာသင်ယူဆည်းပူးခွင့်မရခဲ့ရှာဘူး။ အိမ်မှုကစ္စတွေကို ဝိုင်းဝန်းကူပေးရသလို မိဘနှစ်ပါး လယ်ထဲဆင်းနေခိုက်မှာ ညီလေးနဲ့ ညီမလေးနှစ်ယောက်ကို ထိန်းကျောင်း စောင့်ရှောက်ပေးရတယ်။ မိဘနှစ်ပါးကိုယ်တိုင်ကလည်း ငယ်စဉ်အရွယ်ကတည်းက ဆင်းရဲခြင်းကို အံတုရုန်းကန်ခဲ့ရတာကြောင့် စာပေပညာကို ကျကျနနသင်နိုင်ဖို့ အခွင့်အရေးမရခဲ့ဘူး။မောင်ဖြူကိုသနားပေမဲ့ဘာစာပေ၊ ပညာမှ အမွေမပေးနိုင်ဘူးလေ။ရက်တွေ၊ လတွေကုန်တာလည်း မြန်လိုက်တာ။ သားလတ်မောင်ချစ်ကို ဘဘုန်းကြီးထံမှာ ပညာသင်ပေးရမယ့် အရွယ် ရောက်လာပြန်ပြီ။

"ဟုတ်ပါ့ . . . မောင်ချစ်စာသင်ခွင့်ရနိုင်ပါ့မလားတွေး ပူမိတယ်ရှင်မရေ။ သားကြီးက ကျုပ်တို့နဲ့အတူ လယ်ထဲလိုက်ကူရတယ်။ သားလတ်မောင်ချစ်ကျပြန်တော့ အိမ်မှာကျန်နေ ရစ်တဲ့ သမီးငယ်မယ်ခင်ကိုထိန်းရသေးသကိုး။ သမီးငယ်လေးအရွယ်ရောက်လာရင် မဖြစ်မနေစာသင်ပေးမှဖြစ်လိမ့်မယ်။"

"တစ်အိမ်လုံးမှာ တစ်ယောက်လောက်တော့ စာပေပညာနဲ့ အကျွမ်းတဝင် ဖြစ်သင့်တယ်လေ လက်မှုအတတ်ပညာလည်း သင်ပေးချင်တယ် တော့။ အခုကတည်းက နိုင်သလောက်လေး ငွေစနည်းနည်းချင်းစီ စုထားဆောင်းထားမှ တန်ကာကျလိမ့်မယ် မောင်ကြီးရေ . . ."

